Charoen Pokphand Group

# လုပ်ငန်း
# ကျင့်ဝတ်နီတိ




ကျွန်ုပ်တို့၏ ကျင့်ဝတ်
ကျွန်ုပ်တို့ ကျင့်ကြံပြုမူရန် လမ်းစဉ်

အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**စီးပွားဘက်**

နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသည့် စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို ဆိုလိုပါသည်။

**ငွေကြေးတန်ဖိုးနှင့် ထပ်တူညီမှုများ**

ငွေကြေးတန်ဖိုးရှိသည့်ပစ္စည်းများ သို့မဟုတ် ငွေကြေးအဖြစ်သို့ပြောင်းလည်းနိုင်သည့် အရာများ ဥပမာ လက်ဆောင်ကဒ်များ (gift card) သို့မဟုတ် ငွေကြေးတန်ဖိုးရှိသည့် လက်ဆောင်ကဒ် (voucher) များ ၊ အစုရှယ်ယာများ (stock shares)၊ ငွေချေးစာချုပ်များ (securities) အစရှိသည်တို့ကို ဆိုလိုပါသည်။

**Charoen Pokphand Group of Companies သို့မဟုတ် Charoen Pokphand Group**

Charoen Pokphand Group Co., Ltd အပါအဝင် Charoen Pokphand Group Co., Ltd အနေဖြင့် အစုရှယ်ယာများကို တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်ထားသည့် ကုမ္ပဏီများကို ဆိုလိုပါသည်။

**ဒါရိုက်တာ (Director)**

Charoen Pokphand Group Co., Ltd. နှင့် Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီများ၏ ဒါရိုက်တာများကို ဆိုလိုပါသည်။

**အမှုထမ်း၊ အရာထမ်းများ**

Charoen Pokphand Group Co., Ltd နှင့် Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီများ၏ စီမံအုပ်ချုပ်ရေးအမှုဆောင်များ အားလုံးအပါအဝင် ယာယီနှင့်အမြဲတမ်း ဝန်ထမ်းများနှင့် အထူးစာချုပ်ဖြင့် ခန့်အပ်တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအားလုံးကို ဆိုလိုပါသည်။

**မိသားစုနှင့် ဆွေမျိုးရင်းချာများ**

အဖေ၊ အမေ၊ မောင်နှမသားချင်းများ၊ ခင်ပွန်း ဇနီး၊ သားသမီးများ၊ မွေးစားသားသမီးများ၊ သားမက် ချွေးမ စသည်တို့ကိုဆိုလိုပါသည်။

**အကျိုးတူပူးပေါင်းသည့် စီးပွားရေးလုပ်ငန်း**

Charoen Pokphand Group Co., Ltd မှ တည်ထောင်ထားသည့် ကုမ္ပဏီများနှင့်/ သို့မဟုတ် Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီများနှင့် အခြား third party ကုမ္ပဏီ/ ကုမ္ပဏီများအပါအဝင် Charoen Pokphand Group Co., Ltd. ၏ စီမံအုပ်ချုပ်မှုအောက်တွင်ရှိသော ကုမ္ပဏီများကို ဆိုလိုပါသည်။



### စီမံအုပ်ချုပ်သူ

Charoen Pokphand Group Co., Ltd. နှင့် Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီများ၏ စီမံအုပ်ချုပ်သူများကို ဆိုလိုပါသည်။

### မိခင်ကုမ္ပဏီ

Charoen Pokphand Group Co., Ltd. ကို ဆိုလိုပါသည်။

### ဝန်ထမ်း

Charoen Pokphand Group Co., Ltd နှင့် Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီများ၏ စီမံအုပ်ချုပ်မှုရာထူး အဆင့်အောက်တွင်ရှိသော အမှုထမ်းများကို ဆိုလိုပါသည်။

### အကျိုးဆက်နွယ်သူများ

- အမှုထမ်းများ
- ဝယ်သူများနှင့် စားသုံးသူများ
- ကုန်ကြမ်းပံ့ပိုးသူများ
- စီးပွားဖက်များ
- အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ
- လူမှုအသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းများ
- အစိုးရအဖွဲ့အစည်းများနှင့် အစိုးရနှင့် မသက်ဆိုင်သော အဖွဲ့အစည်းများ
- မီဒီယာ
- ပြိုင်ဘက်များ နှင့်
- ကြွေးရှင်များ

### ကုန်ကြမ်းပံ့ပိုးသူများ (supplier)

ရောင်းချသူများ၊ ဖြန့်ချိသူများ၊ တစ်ဆင့်ကန်ထရိုက်ယူထားသူများ၊ ဝန်ဆောင်မှုပေးသူများ၊ အငှားချသူများ သို့မဟုတ် ငှားရမ်းဝယ်ယူသည့် ကုန်စည်များနှင့် ဝန်ဆောင်မှုများ၏ ပိုင်ရှင်များကို ဆိုလိုပါသည်။



မာတိကာ


**အကြီးတန်းဥက္ကဋ္ဌကြီးထံမှ အမှာစာ** ၂

**ဒါရိုက်တာများနှင့် အမှုထမ်းအရာထမ်းများ၏ တာဝန်ဝတ္တရားများ** ၃

**၁။ ကိုယ်ကျင့်သိက္ခာ (Integrity)** ၄

၁(က) အကျိုးစီးပွားပဋိပက္ခများမှ ရှောင်ကျဉ်ခြင်း ၆

၁(ခ) လိမ်လည်မှု၊ လာဘ်ပေးလာဘ်ယူမှု နှင့် အဂတိလိုက်စားမှုတို့ကို တားဆီးခြင်း ၉

၁(ဂ) လုပ်ငန်းဆိုင်ရာဧည့်ဝတ်ပြုခြင်းများ နှင့် လက်ဆောင်ပဏ္ဏာများ ပေးကမ်းရယူခြင်း ၁၁

၁(ဃ) တရားမျှတစွာဖြင့် စီးပွားယှဉ်ပြိုင်ခြင်း ၁၄

၁(င) ပွင့်လင်းမြင်သာမှုကို ထိန်းသိမ်းခြင်း ၁၇

**၂။ အရည်အသွေး (Quality)** ၁၉

၂(က) အရည်အသွေးပြည့်မီသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများပေးစွမ်းခြင်း ၂၁

၂(ခ) သယံဇာတများအား ကြာရှည်သုံးစွဲနိုင်ရန် ခြိုးခြံခြင်း ၂၄

၂(ဂ) ကုန်ကြမ်းရင်းမြစ်များကို ကျင့်ဝတ်ညီစွာရယူခြင်း ၂၇

၂(ဃ) တာဝန်ယူမှုရှိစွာ ရောင်းချခြင်းနှင့်ဈေးကွက်ရှာဖွေခြင်း ၃၀

**၃။ လူပုဂ္ဂိုလ်များ** ၃၂

၃(က) တစ်ဦးပေါ်တစ်ဦး လေးစားမှုရှိပြီး တရားမျှတစွာ ဆက်ဆံပြုမူမှုကို အားပေးလှုံ့ဆော်ခြင်း ၃၃

၃(ခ) မတူကွဲပြားမှုများအကြား တန်းတူအခွင့်အလမ်းရှိ၍ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်မှုကို မြှင့်တင်အားပေးခြင်း ၃၆

၃(ဂ) ပုဂ္ဂိုလ်ရေးအချက်အလက်များကို ကာကွယ်ထိန်းသိမ်းခြင်း ၃၈

၃(ဃ) လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု ၄၀

**၄။ ပိုင်ဆိုင်မှုများ** ၄၃

၄(က) ကုမ္ပဏီ၏ သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း ၄၅

၄(ခ) ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်း ၄၈

၄(ဂ) ငွေကြေးခဝါချမှု ဆန့်ကျင်ခြင်း ၅၁

**ပြစ်ဒဏ်များ** ၅၃

**ကျွန်ုပ်တို့၏ ဂုဏ်သတင်းကို အတူတကွ ထိန်းသိမ်းစောင့်ရှောက်ခြင်း** ၅၃

**Charoen Pokphand Group ၏ ပေါ်လစီများနှင့် လမ်းညွှန်ချက်များ** ၅၄

**ဆက်သွယ်ရန်အချက်အလက်များ** ၅၅

**လက်ခံသိရှိကြောင်းနှင့် လိုက်နာရန် ဝန်ခံချက်** ၅၆






**The Charoen Pokphand Group သည် စီးပွားရေးလုပ်ငန်းများကို ကိုယ်ကျင့်သိက္ခာနှင့် သစ္စာရှိစွာ အစဉ်အမြဲ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် အရည်အသွေး ပြည့်မီသော ကုန်စည်များနှင့် ဝန်ဆောင်မှုများကို ရာစုနှစ်တစ်စုနီးပါးလုံး စဉ်ဆက်မပြတ် ထုတ်လုပ်ဆောင်ရွက်ပေးခဲ့ပြီး ကျွန်ုပ်တို့၏ ဝယ်သူများအပေါ် ရိုးသားဖြောင့်မှန်တဲ့အပြင် အမှုထမ်းများကိုလည်း ဂရုတစိုက်ဖြင့် ကောင်းစွာကြည့်ရှုပေးခဲ့ပါသည်။ ထို့ကြောင့် သုံးစွဲသူများ၊ စီးပွားဖက်များနှင့် အကျိုးဆက်နွယ်သူများက ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းအပေါ် ယုံကြည်စိတ်ချမှုရှိပြီး လူအများလက်ခံကြတဲ့ ကမ္ဘာကျော်အမှတ်တံဆိပ်များထဲမှ တစ်ခုအဖြစ် တိုးတက်ကြီးထွားလာခဲ့ပါသည်။**

ယနေ့တွင် Charoen Pokphand Group သည် ကမ္ဘာတဝှမ်းရှိ နိုင်ငံပေါင်း ၂၀ တွင် စီးပွားရေး လုပ်ငန်းများ လုပ်ဆောင်နေသည့် နိုင်ငံစုံလုပ်ငန်းစုကြီး တစ်ခုဖြစ်ပြီး ဝန်ထမ်းပေါင်း ၃၀၀,၀၀၀ ကျော် ခန့်အပ်ထားရှိပါသည်။ ကျွန်ုပ်တို့သည်ကိုယ်ကျင့်သိက္ခာရှိမှုနှင့်သစ္စာရှိမှုအပေါ် ထပ်တူတန်ဖိုးထားကြတဲ့အပြင် မတူကွဲပြားသော လူမျိုးဘာသာများနှင့် ယဉ်ကျေးမှုတို့ကိုလည်း တန်းတူထပ်မျှ တန်ဖိုးထားပါသည်။
ထို့ကြောင့် ကျွန်ုပ်တို့၏ တန်ဖိုးဖြစ်သည့် ကိုယ်ကျင့်သိက္ခာရှိမှုနှင့် သစ္စာရှိမှုကို ပေါ်လွင် ထင်ဟပ်စေမည့် လိုက်နာဆောင်ရွက်ရန် စံချိန်စံညွှန်း ဖြစ်စေဖို့ ကျွန်ုပ်တို့၏ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်နီတိ လမ်းညွှန်ချက်ကို အတိအလင်းရေးသား ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ ဤသည်မှာ ဒါရိုက်များနှင့် အမှုထမ်းများအားလုံးအနေဖြင့် ကျွန်ုပ်တို့၏ မွန်မြတ်စွာထားရှိသည့် တန်ဖိုးအပေါ်သိရှိနားလည် သဘောပေါက်ကြစေရန်နှင့် လမ်းကြောင်းတစ်ခုတည်းပေါ်တွင် အားလုံးတပြေးညီ လိုက်နာကျင့်ကြံလုပ်ဆောင်နိုင်ကြစေရန် အသိပေးဝေမျှလိုက်ခြင်းဖြစ်ပါသည်။

ဤ "လုပ်ငန်းကျင့်ဝတ်နီတိ" သည် Charoen Pokphand Group အနေဖြင့် စီးပွားရေးဝင်ရောက် လုပ်ကိုင်နေသည့် နိုင်ငံများ၏ ဥပဒေများအား ကောင်းမွန်စွာလိုက်နာသည့် အဖွဲ့အစည်းတစ်ခု၏ ဓလေ့ထုံးစံဖြစ်စေရန် အုတ်မြစ်ချပေးခြင်းလည်းဖြစ်သည့်အပြင် Charoen Pokphand Group ၏ ကောင်းမွန်သည့်ကော်ပိုရိတ်အုပ်ချုပ်ရေး (Good Corporate Governance) မူဝါဒ လမ်းစဉ်များအား အကျိုးဆက်နွယ်သူများ သိရှိစေရန် အသိပေးဝေမျှခြင်းလည်း ဖြစ်ပါသည်။

ဤ "လုပ်ငန်းကျင့်ဝတ်နီတိ" သည် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် ပွင့်လင်း မြင်သာမှုရှိစေရန် ဒါရိုက်တာများနှင့် အမှုထမ်းအရာထမ်းများအားလုံး လိုက်နာစောင့်ထိန်းရမည့် အထူးအရေးပါသည့် လမ်းစဉ်ဖြစ်ပြီး ကျွန်ုပ်တို့၏ Charoen Pokphand Group တည်တံ့ ခိုင်မြဲစွာဖြင့် ရာစုနှစ်အသစ်ထံသို့ ကမ္ဘာ့အဆင့်မီရှေ့ဆောင်အဖြစ် လှမ်းချီနိုင်စေရန် အားလုံးဝိုင်းဝန်းစုပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့ မှာကြားအပ်ပါသည်။

Dhanin Chearavanont
အကြီးတန်းဥက္ကဋ္ဌကြီး
Charoen Pokphand Group

## အကြီးတန်း ဥက္ကဋ္ဌကြီး ထံမှ အမှာစာ

**"လုပ်ငန်းကျင့်ဝတ်နီတိ" ဆိုသည်မှာ ကောင်းမွန်သည့်အလေ့အထ စံနှုန်းစံထားဖြစ်ပြီး ဒါရိုက်တာများနှင့် စီမံအုပ်ချုပ်သူများအပါအဝင် ဝန်ထမ်းများအားလုံးအနေဖြင့် လွဲမှားသည့်ပြုမူကျင့်ကြံမှု သို့မဟုတ် အသရေပျက်စေမည့် လုပ်ဆောင်မှုများအား ဟန့်တားနိုင်ရန် ကြပ်မတ်လိုက်နာ စောင့်ထိန်းကြစေဖို့ ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ဒါရိုက်တာများနှင့် အမှုထမ်းအရာထမ်းများအနေဖြင့် နိုင်ငံ၏ တရားဥပဒေများနှင့် ကုမ္ပဏီ၏ မူဝါဒအရချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြစေဖို့ လိုလားသည့် Charoen Pokphand Group ၏ ဆန္ဒကို ပေါ်လွင်ထင်ဟပ်စေရန်လည်း ဖြစ်ပါသည်။**

Charoen Pokphand Group Co., Ltd ၏ ကော်ပိုရိတ်အုပ်ချုပ်ရေးဌာနသည် ဤကျင့်ဝတ်နီတိကို မြှင့်တင်လှုံ့ဆော်ရန်နှင့် ကြပ်မတ်ပြဋ္ဌာန်းရန် တာဝန်ရှိသည့်အပြင် စောင့်ကြည့်စစ်ဆေးခြင်း ပြန်လည်ဆန်းစစ်ခြင်းနှင့် မျက်မှောက်အခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ဖြည့်စွက်မွမ်းမံခြင်းတို့ အတွက်ပါ တာဝန်ရှိပါသည်။ သို့သော်ငြားလည်း ဤကျင့်ဝတ်နီတိကို စာရွက်စာတမ်းသက်သက်သာ မဖြစ်စေဖို့ ဒါရိုက်တာများနှင့် အမှုထမ်းအရာထမ်းများ အားလုံးအနေဖြင့် ပိုင်းဝန်းကြိုးပမ်းပြီး လုပ်ငန်းစဉ်အတွင်း နေ့စဉ်အမြဲကျင့်သုံးကြရန် ပေါင်းစုတာဝန်ရှိကြပါသည်။

ဤ "လုပ်ငန်းကျင့်ဝတ်နီတိ" သည် Charoen Pokphand Group ၏ ကုမ္ပဏီများအားလုံးအတွင်းရှိ ဒါရိုက်တာများ၊ စီမံအုပ်ချုပ်သူများနှင့် ဝန်ထမ်းများအားလုံးအပေါ် အကျိုးသက်ရောက်စေပါသည်။ Charoen Pokphand Group လက်အောက်ရှိ အစုရှယ်ယာဈေးကွက်တွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများနှင့် အကျိုးတူဖက်စပ်ကုမ္ပဏီများအနေဖြင့် ဤလုပ်ငန်းကျင့်ဝတ်နီတိကို ၎င်းတို့စီးပွားရေးလုပ်ငန်း၏ သဘောသဘာဝနှင့် ကိုက်ညီစေရန် ၎င်းကုမ္ပဏီများ၏ သီးသန့်မူများအရ ၎င်းကုမ္ပဏီများတစ်ခုချင်းစီ၏ ကိုယ်ပိုင်ကော်ပိုရိတ်အုပ်ချုပ်ရေးစံထားနှင့်အညီ ထည့်သွင်းစဉ်းစား ကျင့်သုံးသင့်ပါသည်။

**ကျွန်ုပ်တို့၏ ကျင့်ဝတ်၊ ကျွန်ုပ်တို့ ကျင့်ကြံပြုမူရန်လမ်းစဉ်တွင်ပါရှိသည့် အကြောင်းအရာများ။**

ဒါရိုက်တာများနှင့် အမှုထမ်း အရာထမ်းများသည် Charoen Pokphand Group ၏စံနှုန်းများနှင့် ကိုက်ညီစွာ ပြုမူကျင့်ကြံကြခြင်း။


ကျွန်ုပ်တို့၏ ကျင့်ဝတ်ကိုစမ်းစစ်နိုင်ခြေရှိသည့် ယေဘုယျအခြေအနေမျိုးတွင် မည်သို့မည့်ပုံ စဉ်းစားတွေးခေါ်ရန်နှင့် ပြုမူကျင့်ကြံရန် လမ်းညွှန်ချက်များ။

ဤနီတိနှင့်ဆက်နွယ်သည့် လမ်းညွှန်ချက်များနှင့် အခြားအချက်အလက်များအား ပိုမိုသိရှိနိုင်ရန် ရှာဖွေနိုင်မည့် နည်းလမ်းများနှင့် နေရာများ။

ဤနီတိနှင့်ယှဉ်တွဲ၍ ကျင့်သုံးရမည့် Charoen Pokphand Group ၏ပေါ်လစီများနှင့် အခြားလမ်းညွှန်ချက်များ။



## ဒါရိုက်တာများနှင့် **အမှုထမ်းအရာထမ်းများ၏ တာဝန်ဝတ္တရားများ**



# ၁။ ကိုယ်ကျင့်သိက္ခာ (Integrity)

**Charoen Pokphand Group အနေဖြင့် ကျွန်ုပ်တို့ စီးပွားလုပ်ငန်းဝင်ရောက်လုပ်ကိုင်သည့် နေရာတိုင်းတွင် ရိုးသားဖြောင့်မတ်ပြီး သစ္စာရှိ၍ ပွင့်လင်းမြင်သာစွာလုပ်ဆောင်သွားရန် သန္နိဋ္ဌာန်ချထားပါသည်။ Charoen Pokphand Group ၏အောင်မြင်မှုဟာ အတိတ်မှ ပစ္စုပ္ပန်အထိ ကိုယ်ကျင့်သိက္ခာရှိစွာ ပြုမူဆောင်ရွက်ခဲ့ခြင်းတို့၏ ရလဒ်ဖြစ်ပြီး အနာဂတ်တွင်လည်း ထိုနည်းအလျောက် ဆက်လက်ရပ်တည်သွားပါမည်။**

ဤအကြောင်းအရာသည် အမြဲစဉ်ဆက် စစ်မှန်စွာတည်မြဲနေစေရန်အဖို့ငှာ ဒါရိုက်တာများ၊ စီမံအုပ်ချုပ်သူများနှင့် ဝန်ထမ်းများ တစ်ဦးတစ်ယောက်စီတိုင်းအနေဖြင့် ကောင်းစွာဝေဖန်ပိုင်းခြားကြပြီး မြင့်မားသည့်ကျင့်ဝတ်စံနှုန်းကို လုပ်ငန်းအတွင်း၌ နိစ္စဓူဝကျင့်သုံး စောင့်ထိန်းကြခြင်းပေါ်မှာ မူတည်နေပါသည်။ သက်ဆိုင်သည့်ဥပဒေများ ချိုးဖောက်ခြင်း သို့မဟုတ် ကျွန်ုပ်တို့ချမှတ်ထားသည့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းနှင့် ဆန့်ကျင်သည့် ပြုမူမှုများဟာ ကုမ္ပဏီ၏ စီးပွားနှင့် ဂုဏ်သိက္ခာကိုပါ အဘိုးမဖြတ်နိုင်လောက်အောင် ပြင်းထန်စွာ ထိခိုက်ယုတ်လျော့စေနိုင်မှာ ဖြစ်ပါသည်။

ကျွန်ုပ်တို့ Charoen Pokphand Group ကဲ့သို့ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းပေါင်းများစွာပါရှိပြီး ကြီးမား၍ ထွေပြားသည့်ဖွဲ့စည်းပုံနှင့် ကမ္ဘာတစ်ဝှမ်းတွင်စီးပွားရေးလုပ်ငန်းများ ခြုံငုံထားသည့် ကုမ္ပဏီကြီးအပေါ် ကောင်းမွန်သည့်ပြည်သူပြည်သား (Good Corporate Citizen) ဖြစ်စေဖို့ မျက်ခြေမပြတ် စောင့်ကြည့်ပြီး မျှော်လင့်ချက်ထားရှိမှု ခံရသည်မှာ လွယ်ကူလှသည်မဟုတ်ပါ။ ကိုယ်ကျင့်သိက္ခာပျက်ပြားမှုကိုဖော်ညွှန်းနိုင်သည့် အပြုအမူကို အမှန်တကယ်ဖြစ်စေ နားလည်မှု သို့မဟုတ် အထင်အမြင်လွဲမှား၍ဖြစ်စေ သို့မဟုတ် အများ၏ လိုလားမျှော်လင့်ချက်ကို နားလည်မှု မရှိခြင်းကြောင့်ဖြစ်စေ တစ်ကြိမ်မျှသာ ပြုမူခဲ့မိပါသော်လည်း ကျွန်ုပ်တို့စီးပွားလုပ်ငန်းတစ်ခုလုံးအား အသရေပျက်ပြားစေနိုင်ပါသည်။ ဤသို့အခြေအနေများကို ရှောင်ရှားနိုင်ရန် Charoen Pokphand Group ၏ ဒါရိုက်တာများနှင့် အမှုထမ်း အရာထမ်းများအားလုံးကို ကျွန်ုပ်တို့၏ ကျင့်ဝတ်ညီစွာလုပ်ငန်းဆောင်ရွက်မှု အစဉ်အလာအား ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ယူတတ်စေဖို့ အသိပညာပေးခြင်းများ ဆောင်ရွက်သွားရန် ရည်စူးထားပါသည်။


**ကျွန်ုပ်တို့၏ ကျင့်ဝတ်၊ ကျွန်ုပ်တို့ ကျင့်ကြံပြုမူရန်လမ်းစဉ်တွင်ပါရှိသည့် အကြောင်းအရာများ။**

- သင့်အနေဖြင့် သင်၏ ကိုယ်ပိုင်အကျိုးစီးပွားနှင့် Charoen Pokphand Group ၏ အကျိုးစီးပွားအကြား ပဋိပက္ခဖြစ်နိုင်သည့် အခြေအနေမျိုးကို သိရှိနိုင်မည်ဖြစ်ပြီး ဤကဲ့သို့ အကျိုးစီးပွားပဋိပက္ခမဖြစ်အောင် ရှောင်ရှားနိုင်မည့် နည်းလမ်းများ။
- Charoen Pokphand Group အတွင်း လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ် တားဆီးနိုင်မည့် နည်းလမ်းများ။
- စီးပွားလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ယုတ်ညံ့သည့်လွှမ်းမိုးမှုမှ သေချာစွာ ကင်းလွတ်နိုင်ရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ။
- လွတ်လပ်ပြီးတရားမျှတသည့် စီးပွားယှဉ်ပြိုင်မှုဖြစ်ပေါ်ရန် Charoen Pokphand Group ၏ ထောက်ပံ့အားပေးမှုကို သင့်အနေဖြင့်ကိုယ်စားပြုပြီး မြှင့်တင်အားပေးနိုင်မည့် နည်းလမ်းများ။
- Charoen Pokphand Group ၏ လုပ်ငန်းအချက်အလက်များကို တိကျမှန်ကန်ပြီး ပွင့်လင်းမြင်သာစွာ ကိုင်တွယ်ထိန်းသိမ်းနိုင်စေရန် နည်းလမ်းများ။

**Charoen Pokphand Group ၏ ဒါရိုက်တာများ၊ စီမံအုပ်ချုပ်သူများနှင့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ လုပ်ဆောင်ရာတွင် ကုမ္ပဏီအတွက် အကျိုးအမြတ် အမြင့်မားဆုံးရရှိစေဖို့ ရှေ့ရှုထားရန်နှင့် မိမိကိုယ်ကျိုး သို့မဟုတ် အခြားတစ်ဦးတစ်ယောက်၏ အကျိုးအမြတ်အတွက် လုပ်ငန်းရာထူးကို လွဲမှားစွာအသုံးချခြင်းတို့မှ ရှောင်ရှားကြရန် တာဝန်ဝတ္တရားရှိကြပါသည်။**

တစ်ခါတစ်ရံတွင် မိသားစုရေးရာကိစ္စများ၊ ပုဂ္ဂိုလ်ရေးရာကိစ္စများ၊ ငွေကြေးဆိုင်ရာကိစ္စများ သို့မဟုတ် နိုင်ငံရေး လှုပ်ရှားမှုများမှ မိမိကိုယ်ပိုင်အကျိုးအမြတ်နှင့် Charoen Pokphand Group ၏ အကျိုးအမြတ်အကြား အမှန်တကယ်ဖြစ်စေ သို့မဟုတ် နားလည်မှုလွဲမှား၍ဖြစ်စေ ကုမ္ပဏီ၏တာဝန်ဝတ္တရားများ ဖြည့်ဆည်း ဆောင်ရွက်ရာတွင် ပဋိပက္ခဖြစ်ဖို့အလားအလာရှိစေနိုင်ပါသည်။ ထိုအခြေအနေမျိုးဖြစ်ပေါ်လာသည့်အခါတွင် တစ်ဦးတစ်ယောက်စီတိုင်းအနေဖြင့် သတိရှိစွာဝေဖန်ပိုင်းခြားကြရပါမည်။ ပဋိပက္ခများ ဖြစ်ပေါ်နိုင်သည့် အခြေအနေတိုင်းကို နမူနာအဖြစ်ဖော်ပြထားရန် မဖြစ်နိုင်သော်လည်း အကျိုးစီးပွားပဋိပက္ခများမှာ ယေဘုယျအားဖြင့် အောက်ဖော်ပြပါ အခြေအနေမျိုးများတွင်ဖြစ်ပေါ်လေ့ရှိပါသည်။

- Charoen Pokphand Group ၏ စီးပွားရေးပြိုင်ဘက်များ၊ ကုန်ကြမ်းပံ့ပိုးသူများ သို့မဟုတ် ဝယ်ယူသူကုမ္ပဏီများ၏ အရင်းနှီးရှယ်ယာများတွင် ငွေကြေးမြောက်များစွာရင်းနှီးမြှုပ်နှံထားရှိခြင်း။
- ကုန်ကြမ်းပံ့ပိုးသူများ ရွေးချယ်ခြင်း၊ ရာဖြတ်ခြင်း သို့မဟုတ် ညှိနှိုင်းခြင်း။
- ဝယ်ယူသူများအနေဖြင့် ဝယ်ယူရန်ဆုံးဖြတ်ချက်များချရာတွင် သြဇာလွှမ်းမိုးမှုရှိစေနိုင်မည့် ညှိနှိုင်းမှုများ။
- အခြားကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် ကုန်သွယ်ရေးအသင်းများတွင် ဒါရိုက်တာရာထူး သို့မဟုတ် ထိုရာထူးနှင့် ညီမျှသည့် အခြားရာထူးများကို မိမိအမည်ဖြင့် ခံယူထားခြင်း။
- အစိုးရဌာနများတွင် ရာထူးခံယူခြင်း။



၁(က)

# အကျိုးစီးပွား
# ပဋိပက္ခများမှ ရှောင်ရှားခြင်း

**အကျိုးစီးပွား ပဋိပက္ခများဆိုသည်မှာ အဘယ်နည်း။**

ဒါရိုက်တာ၊ စီမံအုပ်ချုပ်သူ သို့မဟုတ် ဝန်ထမ်းများ အနေဖြင့် ၎င်းတို့တာဝန်ယူထားသည့် လုပ်ငန်းကဏ္ဍမှာ တာဝန်ထမ်းဆောင်ခြင်း သို့မဟုတ် ဆုံးဖြတ်ချက်ချသည့် အနေအထားမျိုးမှ ၎င်းတို့၏ပုဂ္ဂိုလ်ရေးအကျိုးအမြတ် ရရှိစေရန် လုပ်ဆောင်သည့် အခြေအနေမျိုးကို ဆိုလိုပါသည်။

## ဤသည် ကျွန်ုပ်အတွက် မည်သည်ကို ဆိုလိုပါသနည်း။

### ☑ ဆောင်ရန်

- အကျိုးစီးပွားပဋိပက္ခဖြစ်စေသည့် အခြေအနေမျိုးတွေ့ရှိပါက ကုမ္ပဏီ၏ စည်းမျဉ်းကြီးကြပ်ရေးဌာနသို့ အကြောင်းကြားရန်။
- သင့်မိသားစုဝင် သို့မဟုတ် ဆွေမျိုးရင်းချာတစ်ဦးဦးသည် အစိုးရဝန်ထမ်းဖြစ်ပါက အကျိုးစီးပွားပဋိပက္ခဖြစ်နိုင်ခြေရှိသောကြောင့် သင်၏သက်ဆိုင်ရာ ကြီးကြပ်ရေးမှူး သို့မဟုတ် ကုမ္ပဏီ၏ စည်းမျဉ်းကြီးကြပ်ရေးဌာနထံသို့ အကြောင်းကြားထားရန်။
- သင့်အနေဖြင့် အကျိုးစီးပွားပဋိပက္ခဖြစ်နေသည်ကို သေချာမှုမရှိပါက သင်၏သက်ဆိုင်ရာ ကြီးကြပ်ရေးမှူး သို့မဟုတ် ကုမ္ပဏီ၏ စည်းမျဉ်းကြီးကြပ်ရေးဌာနထံမှ အကူအညီတောင်းခံရန်။

### ☒ ရှောင်ရန်

- မိမိကိုယ်ကျိုးစီးပွားအတွက် Charoen Pokphand Group ရှိမိမိရာထူးတာဝန်ကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အသုံးမချရန်။
- ပုဂ္ဂိုလ်ရေး၊ မိသားစုရေး သို့မဟုတ် နိုင်ငံရေးနှင့် ဆက်နွယ်သည့် ပဋိပက္ခဖြစ်မှု သို့မဟုတ် ဖြစ်နိုင်ခြေရှိမှုများကို အကြောင်းကြားဖို့ တုံ့ဆိုင်းခြင်း၊ လစ်လျူရှုခြင်း၊ ဖေ့ါဆခြင်း မပြုရန်။
- Charoen Pokphand Group အတွင်းရှိ လုပ်ငန်းတာဝန်များကို အပြည့်အဝဆောင်ရွက်နိုင်မှု လျော့ကျစေမည်ဖြစ်သည့် အခြားပြင်ပကုမ္ပဏီ၌ ရာထူးလက်ခံတာဝန်ယူမှုကို Charoen Pokphand Group ၏ စည်းမျဉ်းကြီးကြပ်ရေးဌာနမှ အတိအလင်းရေးသားခွင့်ပြုသည့် ခွင့်ပြုချက်မရှိပဲ မပြုလုပ်ရန်။

## အဓိက ထုတ်နုတ်ချက်။

အကျိုးစီးပွား ပဋိပက္ခဖြစ်မှုကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများစွာရှိသည့်အလျောက် ဒါရိုက်တာများနှင့် အမှုဆောင်များအနေဖြင့် အများအကျိုးနှင့် ကိုယ်ကျိုးစီးပွားတို့ကို ကွဲပြားအောင် သိရှိနားလည်ထားရပါမည်။ ထိုသို့လုပ်ဆောင်နိုင်စွမ်းမရှိသည့်အခါ လုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်ချရာတွင် သေချာစွာစိစစ်သုံးသပ်ရပါမည်။ သံသယရှိသည့်အခါ သို့မဟုတ် ဆုံးဖြတ်ချက်မချနိုင်သည့်အခါမျိုးတွင် ချမှတ်ထားသည့် အကျိုးစီးပွား ပဋိပက္ခဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ခြင်း သို့မဟုတ် Charoen Pokphand Group ၏ စည်းမျဉ်းကြီးကြပ်ရေးဌာနထံမှ အကြံဉာဏ်တောင်းခံခြင်းပြုသင့်ပါသည်။

## အခြားအချက်အလက်များ။

**အကျိုးစီးပွားပဋိပက္ခဖြစ်သည်ဟု သတ်မှတ်နိုင်သည့် အဓိကအချက်များ။**

အောက်ပါမေးမြန်းချက်များအတွက် သင်ခေါင်းငြိမ့်ခဲ့လျှင် သင့်အနေဖြင့် အကျိုးစီးပွားပဋိပက္ခဖြစ်နိုင်ခြေ အလားအလာရှိနေပါသည်။

- Charoen Pokphand Group ၏ ဒါရိုက်တာ၊ စီမံအုပ်ချုပ်သူ သို့မဟုတ် ဝန်ထမ်း ရာထူးအာဏာနှင့် လုပ်ပိုင်ခွင့်တို့ကို အသုံးချပြီး ငွေကြေးအကျိုးအမြတ် သို့မဟုတ် နိုင်ငံရေးအကျိုးအမြတ်စသည့် သင်၏ ကိုယ်ကျိုးစီးပွားအတွက် ကမ်းလှမ်းမှုရှိလာပါက သင်လက်ခံပါမလား။
- ငွေကြေးဆိုင်ရာ ကိုယ်ပိုင်အကျိုးအမြတ် သို့မဟုတ် နိုင်ငံရေးရာထူး ဝန်ထမ်းရာထူး စသည်တို့ဖြင့် အလဲအလှယ် လုပ်ဖို့အတွက် Charoen Pokphand Group အတွင်းရှိ သင်၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးချပြီး ဆုံးဖြတ်ချက်ချခြင်း သို့မဟုတ် ဆုံးဖြတ်ချက်ချရာတွင် ဩဇာလွှမ်းမိုးမှုများဖြင့် သင်ပါဝင်ပတ်သက်ခဲ့ပါသလား။
- Charoen Pokphand Group အတွင်းရှိ သင်၏ လုပ်ပိုင်ခွင့်အာဏာ သို့မဟုတ် အချက်အလက်များကို အသုံးချပြီး အခြားပြင်ပအဖွဲ့အစည်းများမှ သင့်ကိုယ်ကျိုးအတွက် လုပ်ဆောင်မှုရှိခဲ့ပါသလား။

ထပ်မံလိုအပ်နိုင်မည့် အခြားအချက်အလက်များအတွက် Charoen Pokphand Group ၏ အကျိုးစီးပွားပဋိပက္ခဆိုင်ရာ မူဝါဒများနှင့်လမ်းညွှန်ချက်စာအုပ်ကို လေ့လာကိုးကားခြင်း သို့မဟုတ် စည်းမျဉ်းထိန်းချုပ်ရေးဌာနနှင့် ချိတ်ဆက်ပြီး လမ်းညွှန်ချက်များကို ရယူနိုင်ပါသည်။

---

ဥပမာ

**အမေး။ ။ သင်၏ ဇနီးခင်ပွန်း တာဝန်ထမ်းဆောင်နေသည့် စီးပွားဖက်ကုမ္ပဏီဖြင့် စီမံကိန်းအသစ်တစ်ခု လုပ်ဆောင်ရန် သင့်အား တာဝန်ပေးအပ်လိုက်ပြီး အဆိုပါစီမံကိန်းတွင် သင်၏ ဇနီးခင်ပွန်းအနေဖြင့် ပါဝင်ပတ်သက်မှု မရှိခြင်း သို့မဟုတ် မည်သည့်ညှိနှိုင်းမှုတွင်မျှ ပါဝင်မှု မရှိသည့်အတွက်ကြောင့် သင့်အနေဖြင့် သင်၏ ဇနီးခင်ပွန်းသည် ထိုကုမ္ပဏီ၌ တာဝန်ထမ်းဆောင်နေသည်ကို မည်သူ့ကိုမျှ အကြောင်းကြားအသိပေးရန် မလိုအပ်ဟု ထင်ထားခြင်းမှာ မှန်ကန်ပါသလား။**

အဖြေ။ ။ ဤအခြေအနေမျိုးသည် အကျိုးစီးပွားပဋိပက္ခဖြစ်သည်ဟု ယူဆနိုင်သောကြောင့် ဖြစ်ပေါ်လာနိုင်သော ပြဿနာများကို ကြိုတင်ရှောင်ရှားနိုင်ရန် သင့်အနေဖြင့် သင်၏ သက်ဆိုင်ရာကြီးကြပ်ရေးမှူး သို့မဟုတ် ကုမ္ပဏီ၏ စည်းမျဉ်းကြီးကြပ်ရေးဌာနအား အကြောင်းကြားထားသင့်ပါသည်။ သက်ဆိုင်ရာများအနေဖြင့်လည်း လုပ်ငန်းတာဝန်များကို သင့်လျော်သလို ပြောင်းလည်းပေးနိုင်ရန် အကြံပြုပေးနိုင်ပါသည်။

သို့မဟုတ်

**အမေး။ ။ သင့်မိသားစုဝင်တစ်ဦးအနေဖြင့် သူ၏ကုမ္ပဏီကို Charoen Pokphand Group ၏ ကုန်ကြမ်းပံ့ပိုးသူ အသစ်ဖြစ်ရန် တင်သွင်းရွေးချယ်ပေးဖို့ သင့်အား တောင်းဆိုလာပါသည်။ သင့်အနေဖြင့် ဆောင်ရွက်ပေးလို့ ရပါသလား။**

အဖြေ။ ။ ကုန်ကြမ်းပံ့ပိုးသူကုမ္ပဏီ ရွေးချယ်တင်သွင်းခြင်းသည်ကိုယ်ကျိုးအတွက် မျက်နှာသာပေးခြင်းကြောင့် မဟုတ်ပဲ ထိုကုမ္ပဏီ၏ လုပ်ငန်းစွမ်းရည်ပေါ်၌ မူတည်မှသာလျှင် တရားမျှတသည့်ရွေးချယ်မှုဖြစ်နိုင်မှာ ဖြစ်ပါသည်။ အကျိုးစီးပွားပဋိပက္ခဖြစ်ခြင်းမှ ရှောင်ရှားနိုင်ရန် ထိုရွေးချယ်တင်မြှောက်ရေးလုပ်ငန်းမှ သင့်အနေဖြင့် နုတ်ထွက်လိုက်ရန်မှာ အရေးကြီးပါသည်။

**Charoen Pokphand Group အနေဖြင့် စီးပွားရေးအကျိုးအမြတ်အတွက်ဖြစ်စေ၊ ပုဂ္ဂိုလ်ရေးအကျိုးအမြတ်၊ ဘဏ္ဍာရေးအကျိုးအမြတ်၊ ရာထူးအကျိုးအမြတ် သို့မဟုတ် ဂုဏ်သိက္ခာအကျိုးအမြတ်များ ရရှိစေဖို့ မည်သည့်လာဘ်သပ်ပကာကိုမျှ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ပေးကမ်း၊ လက်ခံ၊ ကမ်းလှမ်း၊ တောင်းဆိုမှု တစုံတရာမျှ ပြုလုပ်ခြင်းမရှိပါ။ ပုဂ္ဂလိကကဏ္ဍရော အစိုးရကဏ္ဍနှင့် စပ်လျဉ်းသည့် ကျွန်ုပ်တို့လုပ်ငန်းစဉ်တလျှောက်တွင် မည်သည့် လိမ်လည်မှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုမျိုးကိုမျှ လုံးဝလက်မခံသည့် မူဝါဒလမ်းစဉ်အတိုင်း (zero tolerance policy) လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့်အလျောက် ကျွန်ုပ်တို့အနေဖြင့် ကုမ္ပဏီမှ ခိုးယူမှု မပြုသည့်အပြင် မည်သည့်လာဘ်ပေး လာဘ်ယူခြင်း တစ်စုံတရာမျှ မပြုလုပ်ကြပါ။**

အဂတိလိုက်စားမှုဟာ ကျွန်ုပ်တို့လုပ်ငန်း၏ မည်သည့်ဌာနတွင်မဆို ပေါ်ပေါက်လာနိုင်သောကြောင့် ကျွန်ုပ်တို့ အားလုံးအနေဖြင့် အဂတိလိုက်စားမှု တစ်ကြိမ်မျှ မဖြစ်ပေါ်စေရန် ဝိုင်းဝန်းကြိုတင်ကာကွယ်တားဆီးကြရန် လွန်စွာအရေးကြီးပါသည်။ အကယ်၍ လျစ်လျူရှုထားမိပါက အဂတိလိုက်စားမှုဟာ ဖြစ်ရိုးထုံးစံတစ်ရပ်အဖြစ် လိုက်စားကြီးထွားလာနိုင်ပါသည်။

အခြားတဖက်တွင် လာဘ်ပေးလာဘ်ယူမှုတားဆီးခြင်းကို ကျွန်ုပ်တို့၏ လုပ်ငန်းဆက်ဆံရေးများ အားလုံးတွင် အကျိုးသက်ရောက်စေပြီး အထူးသဖြင့် အစိုးရဌာနများနှင့်ဆက်ဆံရာတွင် အထူးအရေးပါရှိပါသည်။ ပင်မပုဂ္ဂလိကကုမ္ပဏီဖြစ်သည့်အလျောက် ကျွန်ုပ်တို့အနေဖြင့် သင့်လျော်သည့်ငွေပေးချေမှုကို အလေးထား၍ ပြည်တွင်းရောနိုင်ငံတကာ ဥပဒေစည်းမျဉ်းများကိုပါ လိုက်နာကျင့်သုံးလျက်ရှိပါသည်။ ထို့အပြင် ကျွန်ုပ်တို့၏ အကျိုးတူစီးပွားဖက်များ၊ ကုန်ကြမ်းပံ့ပိုးသူများ၊ ကန်ထရိုက်တာများ၊ ကိုယ်စားလှယ်များ၊ ဖြန့်ချီသူများနှင့် အေးဂျင့်များကိုပါ ထိုလာဘ်ပေးလာဘ်ယူမှု ဆန့်ကျင်ရေးအခြေခံမူဝါဒကို ကြပ်မတ်လိုက်နာကြစေရန် စီးပွားရေးစာချုပ်၏ သက်ဆိုင်ရာအပိုဒ်ခွဲများတွင် ထည့်သွင်းရေးဆွဲချမှတ်ထားပါသည်။

**လာဘ်ပေး လာဘ်ယူခြင်းဆိုသည်မှာ အဘယ်နည်း အဂတိလိုက်စားခြင်းနှင့် မည်သို့ကွာခြားချက် ရှိပါသနည်း။**

လာဘ်ပေးလာဘ်ယူခြင်းနှင့် အဂတိလိုက်စားခြင်းဆိုသည့် အသုံးအနှုန်းကို အပြန်အလှန်ဖလှယ်ပြီး မကြာခဏသုံးနှုန်းလေ့ရှိကြပါသည်။ ဆိုလိုချင်းမှာ မိမိအကျိုးအမြတ်ရရှိရန်အတွက် အခြားတစ်ဦးတစ်ယောက်အား လွဲမှားစွာ သို့မဟုတ် တရားမဝင်စွာ ပေးကမ်းခြင်း၊ ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ကတိကဝတ်ပြုခြင်း စသည့်အပြုအမူများဖြင့် လဲလှယ်ခြင်းတို့ကို ဆိုလိုပြီး ယေဘုယျအားဖြင့် ပုဂ္ဂလိကကဏ္ဍအပါအဝင် အစိုးရကဏ္ဍများ၌ စီးပွားရေးစာချုပ်ချုပ်ဆိုမှုပြုရာများတွင် တွေ့ရှိရလေ့ရှိပါသည်။

လိမ်လည်မှု၏ ဆိုလိုရင်းကို အခြားတဖက်တွင် ဒါရိုက်တာ သို့မဟုတ် ဝန်ထမ်းများအနေဖြင့် ကုမ္ပဏီအပေါ်ကျူးလွန်သည့် ပရိယာယ်သုံး၍လိမ်လည်ခိုးဝှက်ခြင်း ဥပမာ ငွေထုတ်ယူရန် စာရွက်စာတမ်း အတုအပပြုလုပ်ခြင်း သို့မဟုတ် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာ အခြားသောကျူးလွန်ခြင်းများကြောင့် ကုန်စည်များဖြစ်စေ ဘဏ္ဍာရေးကဏ္ဍများတွင်ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေခြင်းကို ဆိုလိုသည့်အပြင် လက်လီစတိုးဆိုင်မှ ဝန်ထမ်းသည် ငွေသိမ်းစက်ကိုအသုံးမပြုပဲ ဝယ်ယူသူထံမှ တိုက်ရိုက်ငွေလက်ခံယူသည့်ကိစ္စမှအစ မိမိကိုယ်ကျိုးအတွက် ကုမ္ပဏီနာမည်အား အလွဲသုံးစားပြုခြင်းကိုပါ ဆိုလိုထားပါသည်။

၁(ခ)

## လိမ်လည်မှု လာဘ်ပေးယူမှုနှင့် အဂတိလိုက်စားမှုတို့အား တားဆီးခြင်း



## ဤသည် ကျွန်ုပ်အတွက် မည်သည်ကို ဆိုလိုပါသနည်း။

### ☑ ဆောင်ရန်။

- တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သည့် လာဘ်ပေး လာဘ်ယူမှုဟူသမျှအားလုံးကို ငြင်းပယ်ရန်။
- လာဘ်ပေး လာဘ်ယူခြင်း အမှန်တကယ်တွေ့ရှိခြင်း သို့မဟုတ် ဖြစ်ပေါ်နိုင်ခြေရှိသည်ဟု ယူဆရသည်များအား တွေ့ရှိပါက စည်းမျဉ်းကြီးကြပ်ရေးဌာနသို့ ချက်ချင်း အကြောင်းကြားရန်။
- လာဘ်ပေး လာဘ်ယူမှုဆိုသည်မှာ ငွေကြေးပေးယူမှုတစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်ပဲ ဆုံးဖြတ်ချက်များအပေါ် ဩဇာလွှမ်းမိုးသည့် ပုံစံများဖြင့်လည်းရှိတတ်သည်ကို မှတ်သားထားရန်။

### ☒ ရှောင်ရန်။

- လာဘ်ပေးနေသည် သို့မဟုတ် လာဘ်ယူနေသည် သို့မဟုတ် လာဘ်ပေးလာဘ်ယူဖို့ ရည်ရွယ်ချက်ရှိသည် သို့မဟုတ် လာဘ်ပေးခြင်းကို အားပေးအားမြှောက်ပြုသည်ဟု ယူဆနိုင်မည့် အခြေအနေမျိုးမှာ မိမိအနေဖြင့် ကျရောက်နေခြင်း။
- လာဘ်ပေးယူခြင်းဟု ယူဆနိုင်သည်များ သို့မဟုတ် မသင့်လျော်သည့်ငွေပေးချေမှုပြုရန် ကိစ္စများကို စနောက်၍ မေးမြန်းပြောဆိုခြင်း။ ထိုသို့ပြုခြင်းသည် သင့်အနေဖြင့် သင်္ကာမကင်းသူအဖြစ်သို့ မထင်မှတ်ပဲ အလိုအလျောက် ကျရောက်စေနိုင်ပါသည်။
- နိုင်ငံတော်မှ တရားဝင်သတ်မှတ်ထားသည့် တန်ဖိုးထက် သို့မဟုတ် ဆောင်ရွက်ရန်များထက် ကျော်လွန်၍ အစိုးရဝန်ထမ်းများအား ကမ်းလှမ်းမှု၊ ကတိကဝတ်ပြုမှု သို့မဟုတ် ပေးကမ်းမှု မပြုရန်။

### အဓိက ထုတ်နုတ်ချက်။

ကိုယ်ကျိုးစီးပွားအတွက်အလို့ငှာ ကုန်ကြမ်းပံ့ပိုးသူများ၊ ဝယ်ယူသူ သို့မဟုတ် တတိယအဖွဲ့အစည်းများထံမှ သို့မဟုတ် ထံသို့ လာဘ်ပေးခြင်း လာဘ်ယူခြင်း သို့မဟုတ် အခြားသော အကျိုးအမြတ်များ ပေးကမ်း ရယူခြင်းတို့သည် ကျင့်ဝတ်ပျက်ပြားသည်သာမက တရားဥပဒေ ချိုးဖောက်ရာလည်းရောက်ပါသည်။

လာဘ်ပေးလာဘ်ယူခြင်းမှ ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို ဖော်ပြပါ။

အဖြေ။ ။ လာဘ်ပေး လာဘ်ယူခြင်းသည် ရာဇဝတ်ပြစ်မှုမြောက်ပြီး နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေအရ ရာဇသတ်ကြီးပြစ်မှုဆိုင်ရာ ပုဒ်မများဖြင့်အညီ ပြစ်ဒဏ်ထိုက်ရောက်နိုင်ပါသည်။ ဤသည်မှာ လာဘ်ပေးယူမှုနှင့် လာဘ်ပေးယူမှုကို ပံ့ပိုးဆောင်ရွက်ပေးမှုပြုသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံသာမက ပါဝင်ဆက်နွယ်နေသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့်ပါ အကျိုးသက်ရောက်မှုရှိပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ထပ်မံသိရှိလိုသည်များအတွက် ကုမ္ပဏီ၏ စည်းမျဉ်းကြီးကြပ်ရေးဌာန သို့မဟုတ် ဥပဒေရေးရာဌာနဖြင့် ဆက်သွယ်မေးမြန်းနိုင်သည့်အပြင် Charoen Pokphand Group ၏ လာဘ်ပေး လာဘ်ယူမှုနှင့် အဂတိလိုက်စားမှု တားမြစ်ရေးပေါ်လစီနှင့် လမ်းညွှန်ချက်စာအုပ်တွင်လည်း လေ့လာကိုးကားနိုင်ပါသည်။

ဥပမာ။

**အမေး။ ။ ပြည်ပမှကုန်တင်သွင်းမှု လုပ်ငန်းစဉ်များသည် အချိန်အတိုင်းအတာအလွန်ကြာရှည်ပြီး သင့်အနေဖြင့် ကုန်ထုတ်လုပ်ရေး ဆိုင်းငံ့မသွားစေဖို့ ကုန်စည်အချို့ကို လျင်မြန်စွာထုတ်ယူရန် အရေးတကြီးလိုအပ်လာသောကြောင့် မြန်ဆန်မှုရစေရန် သမားရိုးကျလမ်းစဉ်အတိုင်း သက်ဆိုင်ရာအကောက်ခွန်ဌာနအား အမြန်ကြေးပေး၍ လုပ်ဆောင်စေမှုဟာ သင့်လျော်ပါသလား။**

အဖြေ။ ။ လုပ်ငန်းစဉ်လျင်မြန်စွာ ပြီးမြောက်ရေးအတွက် အမြန်ကြေးပေး၍ ဆောင်ရွက်စေခြင်းသည် Charoen Pokphand Group ၏ လာဘ်ပေး လာဘ်ယူမှုနှင့် အဂတိလိုက်စားမှု တားမြစ်ရေး ပေါ်လစီအရ တားမြစ်ထားသည့် အကြောင်းအရာဖြစ်ပါသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ထပ်မံသိရှိလိုသည်များအတွက် ကုမ္ပဏီ၏ စည်းမျဉ်းကြီးကြပ်ရေးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြင်ပအဖွဲ့အစည်းများနှင့် ကောင်းမွန်သည့်ဆက်ဆံရေးသည် Charoen Pokphand Group ၏ စီးပွားလုပ်ငန်း အောင်မြင်မှုအတွက် အရေးပါသောကြောင့် နှစ်ဦးနှစ်ဖက်စလုံးအတွက် သင့်လျော်သည့် အကျိုးအမြတ်ဖြစ်ထွန်းမှု၊ ဖြောင့်မှန်ခြင်းနှင့် အပြန်အလှန်လေးစားမှု ထားရှိခြင်းတို့ကို အခြေခံ၍ ကောင်းမွန်သည့်ဆက်ဆံရေးကို ထိန်းသိမ်းထားကြရပါမည်။**

လုပ်ငန်းဆိုင်ရာဧည့်ဝတ်ပြုခြင်းနှင့် လက်ဆောင်ပဏ္ဏာများ ပေးကမ်းခြင်းသည် ဝယ်ယူသူများ၊ ကုန်ကြမ်းပံ့ပိုးသူများနှင့် အခြားပြင်ပအဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့အကြား ကောင်းမွန်သည့်နားလည်မှု တည်ဆောက်ရန် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ အချို့နိုင်ငံများတွင် လက်ဆောင်ပဏ္ဏာများပေးကမ်းခြင်းဖြင့် ဂါရဝပြုခြင်းနှင့် တည်ခင်းဧည့်ခံ ကျွေးမွေးခြင်းသည် ရေပန်းစားသည့် ဓလေ့တစ်ရပ်လည်း ဖြစ်ပါသည်။ သို့သော်ငြားလည်း ထိုပြုရပ်များသည် တန်ဖိုးအလွန်အကျွံမရှိသင့်သည့်အပြင် စီးပွားလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှုများပေါ်မှာလည်း လွှမ်းမိုးမှု မရှိသင့်ပါ။

ထိုသို့ လုပ်ငန်းဆိုင်ရာဧည့်ဝတ်ပြုခြင်းနှင့် လက်ဆောင်ပဏ္ဏာများပေးကမ်းခြင်းသည် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှုများအပေါ် လွှမ်းမိုးမှု ရှိ၊ မရှိ မသေချာပါက ထိုပြုရပ်များသည် အောက်ဖော်ပြပါ စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီမှုရှိကြောင်းကို သင့်အနေဖြင့် ဥပဒေရေးရာဌာန သို့မဟုတ် စည်းမျဉ်းကြီးကြပ်ရေးဌာနသို့ အတိအလင်းရှင်းလင်းရေးသား၍ အစီရင်ခံတင်ပြရပါမည်။

၁။ လုပ်ငန်းဆိုင်ရာ ဧည့်ဝတ်ပြုခြင်းနှင့် လက်ဆောင်ပဏ္ဏာများပေးကမ်းခြင်းသည် အနာဂတ်အတွက် ချုပ်နှောင်မှု မဖြစ်သည့်အပြင် လွန်ခဲ့သည့်ကာလများ၌ ပြုခဲ့သည့် စီးပွားဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် အချိတ်အဆက်ပြုမှုများ အတွက် ဂုဏ်ပြုဆုတစ်ရပ်အဖြစ်လည်း သဘောသက်ရောက်မှု မရှိပါကြောင်း။

၂။ လုပ်ငန်းဆိုင်ရာ ဧည့်ဝတ်ပြုခြင်းနှင့် လက်ဆောင်ပဏ္ဏာများ ပေးကမ်းခြင်းတို့သည် ပေးကမ်းသူနှင့် ရယူသူတို့၏ ပုံမှန်ဆက်ဆံရေးအရ တန်ဖိုးအသင့်အတင့်သာရှိကြောင်း။




၁(ဂ)

## လုပ်ငန်းဆိုင်ရာ ဧည့်ဝတ်ပြုခြင်း နှင့် လက်ဆောင်ပဏ္ဏာများ ပေးကမ်းရယူခြင်း

# အကြံပြုချက်။

## ☑ ဆောင်ရန်

- Charoen Pokphand Group ၏ လက်ဆောင်ပဏ္ဏာများနှင့် အကျိုးအမြတ်ဆိုင်ရာ ပေါ်လစီနှင့် လမ်းညွှန်ချက်များအား နားလည်သိရှိထားရန်။
- အစိုးရဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာ ဧည့်ဝတ်ပြုခြင်းနှင့် လက်ဆောင်ပဏ္ဏာများ ပေးကမ်းခြင်းတို့သည် တစ်နိုင်ငံခြင်းစီ၏ တရားဥပဒေအပါအဝင်ဓလေ့ထုံးတမ်းနှင့်ပါ ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရန်။
- အကယ်၍ ဥပဒေအရ သတ်မှတ်ထားသည့်တန်ဖိုးထက် ပိုမိုသည့် လက်ဆောင်ပဏ္ဏာလက်ခံဖို့ မဖြစ်မနေ လိုအပ်လာပါက မိမိ၏ အထက်အရာရှိနှင့် မိမိတာဝန်ထမ်းဆောင်နေသောကုမ္ပဏီ၏ စည်းမျဉ်းထိန်းချုပ်ရေး ဌာနထံသို့ အစီရင်ခံစာရေးသားပေးပို့ကာ အကြောင်းကြားမှတ်တမ်းတင်ထားရန်။
- မိမိမှ ပေးသော သို့မဟုတ် လက်ခံလိုက်သော လက်ဆောင်ပဏ္ဏာများနှင့်ပတ်သက်၍ တိကျပြည့်စုံသည့် မှတ်တမ်း ပြုစုထားရှိရန်။

## ☒ ရှောင်ရန်

- ငွေသား သို့မဟုတ် ငွေကြေးတန်ဖိုးနှင့် ထပ်တူညီသော လက်ဆောင်ပဏ္ဏာများ ကမ်းလှမ်းခြင်း သို့မဟုတ် လက်ခံခြင်း မပြုလုပ်ရန်။
- တင်ဒါရွေးချယ်ရေးလုပ်ငန်းစဉ်ကာလအတွင်း မည်သည့် လက်ဆောင်ပဏ္ဏာများ သို့မဟုတ် ဧည့်ဝတ်ပြုခြင်းများကိုမျှ လက်ခံခြင်း ပေးကမ်းခြင်း မပြုရန်။
- မည်သည့်အခြားပြင်ပပုဂ္ဂိုလ်များကိုမျှ တဆင့်ကြားခံ၍ လက်ဆောင်ပဏ္ဏာများ သို့မဟုတ် ဧည့်ဝတ်ပြုခြင်းများ ပေးကမ်းခြင်း လက်ခံခြင်း မပြုရန်။
- ကြိုတင်ခွင့်ပြုချက်မရှိဘဲ ညအိပ်ခရီး သို့မဟုတ် နိုင်ငံခြားခရီးထွက်ခြင်းမျိုးဖြင့် ဧည့်ဝတ်ပြုခြင်းကိုကမ်းလှမ်းခြင်း သို့မဟုတ် လက်ခံခြင်း မပြုရန်။
- လက်ဆောင်ပဏ္ဏာ သို့မဟုတ် ဧည့်ဝတ်ပြုခြင်းတို့အား တောင်းဆိုခြင်း မပြုရန်။



# အဓိက ထုတ်နုတ်ချက်။

လုပ်ငန်းဆိုင်ရာ ဧည့်ဝတ်ပြုခြင်းနှင့် လက်ဆောင်ပဏ္ဏာများ ပေးကမ်းခြင်း ရယူခြင်းတို့မှာ Charoen Pokphand Group ၏ လက်ဆောင်ပဏ္ဏာနှင့် အကျိုးအမြတ်ဆိုင်ရာ ပေါ်လစီနှင့် လမ်းညွှန်ချက်များအတိုင်း လိုက်နာရမည်ဖြစ်ပြီး တစ်နိုင်ငံခြင်းစီ၏ တရားဥပဒေရော ထုံးတမ်းဓလေ့နှင့်ပါ လိုက်လျောညီထွေမှု ရှိရပါမည်။

ဥပမာ။ ။

**အမေး။ ။ သင်၏မိတ်ဆက်ပေးမှုကြောင့် သင်တာဝန်ထမ်းဆောင်နေသော ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခွင့်ရရှိလိုက်သော မိတ်ဆွေတစ်ဦးသည် သင့်အားကျေးဇူးတင်သည့်အနေဖြင့် လက်ဆောင်ပေးပို့သည်။ သင်လက်ခံထားဖို့ သင့်တော်ပါသလား။**

အဖြေ။ ။ ဤသည်မှာ ကျေးဇူးတင်ရှိမှုကို ဖော်ပြသည့်အနေဖြင့် လက်ဆောင်ပေးကမ်းမှု ဖြစ်သဖြင့် သင့်အနေဖြင့် လက်ခံထားနိုင်ပေမဲ့လည်း ထိုလက်ဆောင်ပစ္စည်းမှာ ထိုက်သင့်လျော်သည့် တန်ဖိုးထက်ပိုမို များပြားနေခြင်း ရှိ မရှိ သုံးသပ်ရန်လည်း လိုအပ်ပါသည်။ ဘယ်လိုပင်ဖြစ်စေ သင့်အနေဖြင့် Charoen Pokphand Group ၏ လက်ဆောင်ပစ္စည်းနှင့် အခြားအကျိုးအမြတ်ဆိုင်ရာ ပေါ်လစီနှင့် လမ်းညွှန်ချက်ကို လေ့လာ၍ လိုက်နာသင့်ပါသည်။ အကယ်၍ တစ်နိုင်ငံချင်းစီ၏ သတ်မှတ်ထားသော လက်ဆောင်ပစ္စည်းတန်ဖိုးထက် ပိုမိုများပြားမှု ရှိ မရှိ မသေချာပါက ကုမ္ပဏီ၏ စည်းမျဉ်းကြီးကြပ်ရေး ဌာနသို့ ဆက်သွယ်၍ အကြံပြုချက်ရယူနိုင်ပါသည်။

သို့မဟုတ် ..........................................................................

**အမေး။ ။ တရားဥပဒေအရ သတ်မှတ်ထားသည့် တန်ဖိုးထက် ပိုသည့် လက်ဆောင်ပစ္စည်းကို သင့်အား ပေးကမ်းလာပါ၍ သင့်အနေဖြင့် ငြင်းပယ်လိုက်လျှင် ဓလေ့ထုံးစံအားဆန့်ကျင်၍ ရိုင်းစိုင်းရာ ရောက်ပါမည်။ သင့်အနေဖြင့် မည်သို့လုပ်ဆောင်သင့်ပါသနည်း။**

အဖြေ။ ။ တချို့နိုင်ငံများတွင် လက်ဆောင်ပစ္စည်းလက်ခံခြင်းကို အလွန်အလေးထားကြသောကြောင့် သင့်အနေဖြင့် ထိုလက်ဆောင်ပစ္စည်းအား လက်ခံထားရန်လိုအပ်နိုင်ပါလိမ့်မည်၊ ထို့နောက်သင်၏ အထက်အရာရှိနှင့် ထိပ်တန်း အမှုဆောင်တို့ထံသို့ အစီရင်ခံစာပေးပို့ပြီးနောက် လူ့စွမ်းအား အရင်းအမြစ်ဌာနမှ သုံးသပ်၍ စီမံဆောင်ရွက်ဖို့ ရွေးချယ်စရာနည်းလမ်းများ ချမှတ်ပေးနိုင်ရန် ဆက်လက်ပေးပို့ တင်ပြရပါမည်။ အခြားသော သိရှိလိုသည်များအတွက် Charoen Pokphand Group ၏ လက်ဆောင်ပစ္စည်းနှင့် အခြားအကျိုးအမြတ်ဆိုင်ရာ ပေါ်လစီနှင့်လမ်းညွှန်ချက်ကို လေ့လာကိုးကားနိုင်ပါသည်။

**Charoen Pokphand Group အနေဖြင့် လွတ်လပ်သောကုန်သွယ်ရေးမူအပေါ် ထောက်ခံအားပေးလျက်ရှိပြီး တရားမျှတသည့် စီးပွားယှဉ်ပြိုင်မှုမှ ဈေးကွက်အတွင်းပါဝင်ကစားသူများရော ဝယ်ယူသုံးစွဲသူများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ထားပါသည်။ ထို့ကြောင့် Charoen Pokphand Group ၏ စီးပွားလုပ်ငန်းတိုင်းတွင် တရားမျှတသည့် စီးပွားယှဉ်ပြိုင်မှု ဥပဒေအတိုင်း လိုက်နာကျင့်သုံးလျက်ရှိပါသည်။**

စီးပွားယှဉ်ပြိုင်မှုဥပဒေသည် လွတ်လပ်ပြီးတရားမျှတသည့် စီးပွားယှဉ်ပြိုင်မှုကို မြှင့်တင်အားပေးရန် ပြဋ္ဌာန်းထားရှိခြင်းဖြစ်ပြီး အောက်ပါအပြုအမူများ မပြုလုပ်ရန်လည်း တားမြစ်ထားပါသည်။

- ဈေးနှုန်းအပြောင်းအလဲဖြစ်ခြင်း၊ ဈေးနှုန်းထိန်းချုပ်ခြင်း၊ ဈေးနှုန်းတိုးမြှင့်ခြင်း သို့မဟုတ် အမြတ်အစွန်းတိုးမြှင့်ခြင်း စသည့်အကျိုးဆက်များဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ပြိုင်ဘက်များအကြား ပူးပေါင်း သဘောတူညီနိုင်းကြခြင်း။
- ဝယ်ယူသုံးစွဲသူ၊ ထုတ်ကုန် သို့မဟုတ် ဈေးကွက်နယ်မြေများ ဝေခွဲကြဖို့ စီးပွားပြိုင်ဘက်များအကြား ညှိနှိုင်းသဘောတူကြခြင်း။
- ကုန်ထုတ်လုပ်မှုလျှော့ချရန် သို့မဟုတ် ကုန်ထုတ်လွှတ်မှုလျှော့ချရန် စီးပွားပြိုင်ဘက်များအကြားညှိနှိုင်း သဘောတူကြခြင်း။
- နှစ်ဦးချိတ်ဆက်၍ ဈေးနှုန်းအဆိုပြုခြင်း သို့မဟုတ် မသမာသော လေလံပစ်မှုပြုခြင်း။



၁(ဃ)

## တရားမျှတစွာဖြင့်
## စီးပွားယှဉ်ပြိုင်ခြင်း။

## ဤသည် ကျွန်ုပ်အတွက် မည်သည်ကို ဆိုလိုပါသနည်း။

### ☑ ဆောင်ရန်


- ဈေးနှုန်းသတ်မှတ်ရေးနှင့် ဈေးနှုန်းယှဉ်ပြိုင်ရေးများတွင် အာဏာချိန်ခွင်မျှစေရန် ကုမ္ပဏီ၌ ရှင်းလင်းတိကျသည့် စာရွက်စာတမ်းပြုစုခြင်းနှင့် တာဝန်ခွဲဝေမှုများရှိစေရန်။
- တရားမျှတသည့် စီးပွားယှဉ်ပြိုင်မှုအပေါ်ထားရှိသည့် Charoen Pokphand Group ၏ရပ်တည်ချက်နှင့် ပတ်သက်၍ Charoen Pokphand Group အနေဖြင့်အသင်းဝင်ထားသည့် ကုန်သွယ်ရေးအစည်းအရုံး သို့မဟုတ် စက်မှုလုပ်ငန်း အသင်းတို့အား ကိုယ်စားလှယ်မှတဆင့် အစီရင်ခံတင်ပြထားရန်။
- စီးပွားယှဉ်ပြိုင်မှုတွင် ကုန်သွယ်ရေးအတားအဆီးဖြစ်စေသည့် အပြုအမူမျိုးနှင့်ပတ်သက်၍ သေချာမှုမရှိပါက ကုမ္ပဏီ၏ စည်းမျဉ်းကြီးကြပ်ရေးဌာနနှင့် တိုင်ပင်ရန်။
- စီးပွားပြိုင်ဖက်သည် မိမိနှင့် ပုဂ္ဂိုလ်ရေးရာအရ ခင်မင်မှုရှိပါသော်လည်း တင်ဒါပြိုင်သည့်ကာလတလျှောက်၌ ၎င်းတို့နှင့် ဆက်သွယ်မှုကို ရှောင်ကျဉ်ရန်။

### ☒ ရှောင်ရန်

- စီးပွားပြိုင်ဘက်များနှင့် ပူးပေါင်း၍ မသမာသည့်ယှဉ်ပြိုင်မှုပြုသည်ဟု သင့်အား အထင်မှားစေမည့်အခြေအနေမျိုးမှာ ရောက်ရှိခြင်း။
- စီးပွားပြိုင်ဘက်စီသို့ သတင်းအချက်အလက်များ ပေါက်ကြားသွားနိုင်သောကြောင့် ဈေးနှုန်းဆိုင်ရာ အချက်အလက်များ သို့မဟုတ် အရောင်းသတ်မှတ်ချက်နှင့် ပတ်သက်သည့် အချက်အလက်များအား အခြားပြင်ပပုဂ္ဂိုလ်အား အသိပေးခြင်း။
- ဝယ်ယူသူများ နှင့် ဈေးကွက်နယ်မြေ ခွဲဝေရယူကြရန် ပြိုင်ဘက်များနှင့် ဆွေးနွေးညှိနှိုင်းခြင်း။

## အဓိက ထုတ်နုတ်ချက်။

Charoen Pokphand Group သည် တရားမျှတသော စီးပွားယှဉ်ပြိုင်မှုကို ထောက်ခံအားပေးသည့်အလျောက် မှန်ကန်သည့်ပြုကျင့်ပုံနှင့် စံနှုန်းတို့ကို ထင်ပေါ်စေရန်အပြင် ဤပဋိညာဉ်အတွက် မားမားမတ်မတ် ရပ်တည်ကြရန်မှာလည်း ဒါရိုက်တာများ၊ စီမံအုပ်ချုပ်သူများနှင့် ဝန်ထမ်းများအားလုံး၏ တာဝန်ဖြစ်ပါသည်။



## နောက်ဆက်တွဲအချက်အလက်များ။

**တရားမျှတသည့် စီးပွားယှဉ်ပြိုင်မှုဆိုတာ မည်သည်ကိုဆိုလိုပါသနည်း။**

စီးပွားရေးလုပ်ငန်းများအကြား တပြေးညီသည့် စည်းမျဉ်းစည်းကမ်းနှင့် သတ်မှတ်ချက်များဖြင့် တန်းတူညီတူ ယှဉ်ပြိုင်နိုင်ကြပြီး စီးပွားပြိုင်ဘက်အချင်းချင်း ယှဉ်ပြိုင်နိုင်စွမ်းကျဆင်းစေရန် ပြုလုပ်ချင်းမရှိမှသာ တရားမျှတသည့် စီးပွားယှဉ်ပြိုင်မှု ပေါ်ပေါက်နိုင်မှာဖြစ်ပါသည်။

ဥပမာ။ ။

**အမေး။ ။ သင်၏လုပ်ဖော်ကိုင်ဖက်တစ်ဦးသည် အခြားပြိုင်ဘက်ကုမ္ပဏီတစ်ခုသို့ ပြောင်းရွှေ့ဝင်ရောက်၍ တာဝန်ထမ်းဆောင်နေပြီး ဝယ်ယူသုံးစွဲသူများ၏ဖိအားပေးမှုကြောင့် ဈေးနှုန်းသတ်မှတ်ရေး နည်းလမ်းများကို သင့်ထံမှ မေးမြန်းရန်အတွက် သင့်အားတွေ့ဆုံခွင့်တောင်းလာသောအခါ သင့်အနေဖြင့် ထိုမိတ်ဆွေနှင့် တွေ့ဆုံဖို့ သင့်လျော်ပါသလား။**

အဖြေ။ ။ သင့်အနေဖြင့် သင်၏လုပ်ဖော်ကိုင်ဖက်ဟောင်းနှင့် တွေ့ဆုံနိုင်ခွင့်ရှိသော်လည်း ကုန်ဈေးနှုန်း သတ်မှတ်ခြင်းကိစ္စနှင့်ပတ်သက်၍ ပြောဆိုခြင်းအား တင်းကြပ်စွာတားမြစ်ထားပါသည်။ စီးပွားပြိုင်ဘက်ကုမ္ပဏီများအကြား ဈေးနှုန်းနှင့်ပတ်သက်သည့် ညှိနှိုင်းပြောဆိုမှုသည် ပြင်းထန်စွာတားမြစ်ထားသည့် အချက်ဖြစ်သည်ဟု Charoen Pokphand Group ၏ရပ်တည်ချက်အား ပြတ်သားစွာဖော်ပြရပါမည်။

**Charoen Pokphand Group သည် ကိုယ်ကျင့်သိက္ခာနှင့် သစ္စာရှိစွာဖြင့် စီးပွားလုပ်ငန်း လုပ်ကိုင်ရန် သန္နိဋ္ဌာန် ချထားသည့်အလျောက် ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ ၊ ဘဏ္ဍာရေးနှင့် သက်ဆိုင်မှုမရှိသည့် အချက်အလက်များ အပါအဝင် (စာမျက်နှာ ၄၅ - ၄၇ ရှိ အပိုဒ် ၄ (က) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် လျှို့ဝှက်ထားသော အချက်အလက်များမှအပ) လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ ဘဏ္ဍာရေးရှင်းတမ်း၊ စာချုပ်စာတမ်းများနှင့် သဘောတူချက်များ အားလုံးကို ပြည့်စုံ မှန်ကန် တိကျပြီး ပွင့်လင်းမြင်သာစွာဖြင့် ဖော်ပြကြရန် အလေးအနက်ထပ်လောင်းတိုက်တွန်းထားပါသည်။ သို့မှသာလျှင် ထိုအချက်အလက်များအပေါ်မှီငြမ်း၍ ဒါရိုက်တာများနှင့် အမှုထမ်းအရာထမ်းများ အားလုံးအနေဖြင့် လုပ်ငန်းကဏ္ဍဆိုင်ရာ ဆုံးဖြတ်ချက်များကို တာဝန်ယူချမှတ်နိုင်ကြမှာဖြစ်ပါသည်။**

ပြည့်စုံ မှန်ကန်သည့် ဘဏ္ဍာရေးမှတ်တမ်း ထိန်းသိမ်းထားရှိခြင်းသည် စီမံအုပ်ချုပ်သူများ၊ စာရင်းကိုင်များ သို့မဟုတ် ဘဏ္ဍာရေးဝန်ထမ်း တစ်ဦးတစ်ယောက်တည်း၏ တာဝန်မဟုတ်ပဲ Charoen Pokphand Group ၏ ဒါရိုက်တာများနှင့် အမှုထမ်းအရာထမ်းများ အားလုံးတို့၏ တာဝန်တစ်ရပ်လည်းဖြစ်ပါသည်။ ထို့ကြောင့် ဒါရိုက်တာများနှင့် အမှုထမ်းအရာထမ်းများအားလုံးအနေဖြင့် ဘဏ္ဍာရေးအချက်အလက်များနှင့် လုပ်ငန်းဆိုင်ရာအချက်အလက်များ အားလုံးကို ပြည့်စုံ မှန်ကန်တိကျပြီး စိတ်ချယုံကြည်နိုင်အောင် ပွင့်လင်းမြင်သာမှုဖြင့် ကောင်းစွာစီမံခန့်ခွဲ၍ စစ်ဆေးမှုများအတွက် အမြဲအဆင်သင့်ဖြစ်နေရပါမည်။



၁(င)

# ပွင့်လင်းမြင်သာမှုကို ထိန်းသိမ်းခြင်း

## ဤသည် ကျွန်ုပ်အတွက် မည်သည်ကို ဆိုလိုပါသနည်း။

| ☑ ဆောင်ရန်။ | ☒ ရှောင်ရန်။ |
| --- | --- |
| • Charoen Pokphand Group အား ထိခိုက်စေနိုင်မည့် မိမိ၏ အပြုအမူ အပြောအဆိုတို့အပေါ် တာဝန်ယူရန်။<br>• ဆိုရှယ်မီဒီယာများ ဝက်ဘ်ဆိုဒ်များ သို့မဟုတ် သတင်းမီဒီယာများတွင် Charoen Pokphand Group နှင့်ပတ်သက်သည့် မှန်ကန်မှုမရှိသော သတင်းအချက်အလက်များတွေ့ရှိပါက သင်၏အုပ်ချုပ်ရေးမှူး သို့မဟုတ် ပြန်ကြားရေးဌာနသို့ အသိပေးရန်။<br>• နိုင်ငံတစ်နိုင်ငံချင်းစီမှ အသိအမှတ်ပြုထားသည့် ဘဏ္ဍာရေးအစီရင်ခံစာ ပုံစံနှင့် ကုမ္ပဏီအတွင်းပိုင်း ထိန်းချုပ်ရေးစနစ်များနှင့်အညီ လုပ်ငန်းဆိုင်ရာ ဘဏ္ဍာလွှဲပြောင်းမှု အစီရင်ခံစာအားလုံးကို ပြည့်စုံမှန်ကန်တိကျ၍ အချိန်နှင့်တပြေးညီ မှတ်တမ်းပြုစုထားရှိရန်။<br>• ငွေပေးချေမှုများကို သတ်မှတ်ထားသော အချိန်နှင့် သတ်မှတ်ထားသော အပေးအယူသဘောတူညီချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန်။ | • ပြင်ပမီဒီယာများတွင် Charoen Pokphand Group နှင့် ပတ်သက်သည့် မှားယွင်းသော သတင်းအချက်အလက်များတွေ့ရှိသော်လည်း လစ်လျူရှုထားခြင်း။<br>• အများပြည်သူထံသို့ Charoen Pokphand Grouop နှင့် ပတ်သက်သည့် မှားယွင်းသော ထင်မြင်ယူဆချက်များ ဖော်ပြခြင်း သို့မဟုတ် အထင်အမြင်လွဲမှားစေရန် ပြုလုပ်မှုများတွင် ပါဝင်လုပ်ဆောင်ခြင်း။<br>• စာရွက်အလွတ် သို့မဟုတ် မပြည့်စုံသေးသော စာချုပ်တွင် သဘောတူလက်မှတ် ရေးထိုးခြင်း သို့မဟုတ် ဝယ်ယူသူ သို့မဟုတ် ရောင်းချသူတို့အား ထိုသို့စာရွက်အလွတ် သို့မဟုတ် မပြည့်စုံသည့် စာချုပ်တွင် သဘောတူ လက်မှတ်ရေးထိုးစေခြင်း။<br>• နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း မပိတ်မီကာလအတွင်း အရောင်းစာရင်း သို့မဟုတ် ကုန်ကျစရိတ်ခန့်မှန်းချက် သို့မဟုတ် ကြွေးမြီစာရင်းများကို ထပ်မံဖြည့်စွက်ခြင်း သို့မဟုတ် အပြောင်းအလဲလုပ်ရန် ကြိုးစားအားထုတ်ခြင်း။<br>• ဘဏ္ဍာရေးမှတ်တမ်း၊ ဘဏ်အကောင့်အမျိုးအစား နှင့် စာရွက်စာတမ်းများကို အတုလုပ်ခြင်း၊ ပြုပြင်ခြင်း၊ သက်သေအထောက်အထားများ ဖုံးကွယ်ခြင်း။ |



### အဓိက ထုတ်နုတ်ချက်။


ပွင့်လင်းမြင်သာမှုသည် ကောင်းမွန်သောကော်ပိုရိတ်အုပ်ချုပ်မှု၏ အဓိကကျသည့် အပိုင်းကဏ္ဍတစ်ရပ်ဖြစ်သည့်အလျောက် မိမိကိုယ်ကိုရော မိမိလုပ်ကိုင်သမျှ အလုပ်တိုင်းအပေါ် သစ္စာရှိခြင်းမှ အစပြုသဖြင့် ကျွန်ုပ်တို့အနေဖြင့် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း မှန်ကန်စွာ လိုက်နာဆောင်ရွက်သည်ဟု သေချာရပါမည်။



### ဥပမာ။

**အမေး။ ။ သင်၏လုပ်ဖော်ကိုင်ဖက်သည် ကုန်စည်စစ်ဆေးမှုကိုမပြုလုပ်ခဲ့ပဲ စစ်ဆေးရေးမှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်ကို သင့်အနေဖြင့်တွေ့ရှိခဲ့လျှင် သင်မည်သို့ဆောင်ရွက်သင့်ပါသနည်း။**

အဖြေ။ ။ ဤဖြစ်ရပ်မျိုးသည် အချက်အလက်များကို မှားယွင်းစွာ မှတ်တမ်းတင်ခြင်းဖြစ်ပြီး မမှန်ကန်သည့်အချက်အလက်များ ပြုစုခြင်းဖြစ်သောကြောင့် ပွင့်လင်းမြင်သာမှုမရှိပဲ Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီများအနေဖြင့် ကုန်ကျစရိတ် ပိုမိုမြင့်မားလာနိုင်ပါသည်။ ထိုအခြေအနေမျိုးအတွက် သင့်လျော်သည့် ကိုင်တွယ်မှု ပြုနိုင်ရန် သင့်အနေဖြင့် သင်၏တိုက်ရိုက်ကြီးကြပ်သူ သို့မဟုတ် Charoen Pokphand Group ၏ စည်းမျဉ်းကြီးကြပ်ရေးဌာနသို့ အကြောင်းကြားရပါမည်။



# ၂။ အရည်အသွေး

**ကမ္ဘာ့တစ်ဝှမ်းတွင် စီးပွားလုပ်ကိုင်နေကြသည့် ကုမ္ပဏီခွဲများကို ကြီးကြပ်ရသော ပင်မကုမ္ပဏီဖြစ်သည့် Charoen Pokphan Group Co., Ltd. ၏ အဓိကဦးစားပေး၍ အလေးထားသည့်အချက်မှာ ကျွန်ုပ်တို့ထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုအားလုံးတို့သည် အမြင့်မားဆုံးစံချိန်စံနှုန်းနှင့် အရည်အသွေးရှိသည့်အပြင် ဘေးကင်းလုံခြုံရေးအတွက် စိတ်ချယုံကြည်နိုင်စေရန် ဖြစ်ပါသည်။ ဤပဋိညာဉ်သည် Charoen Pokphand Group အတွင်းရှိ ကုန်ထုန်လုပ်ရေးစံချိန်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်သာမဟုတ်ပဲ ဤကုန်ထုတ်လုပ်ရေး စံနှုန်းအား ကျွန်ုပ်တို့ စီးပွားဝင်ရောက်လုပ်ကိုင်နေသည့် နိုင်ငံတိုင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်ကြီး တစ်လျှောက်လုံးတွင် အကျိုးသက်ရောက်မှုရှိပါသည်။**

ဤစံချိန်စံနှုန်းအတိုင်း ဖြစ်မြောက်နိုင်စေရန်အတွက် ဒါရိုက်တာများနှင့် အမှုထမ်းအရာထမ်းတို့ အနေဖြင့် ကုန်ထုတ်လုပ်မှု အစပိုင်း (up stream) မှ ထုတ်ကုန်ဖြစ်သည့် အဆုံးပိုင်း (down stream) အထိ ကုန်ထုတ်လုပ်မှုအဆင့်တိုင်းတွင် အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို အဓိကအလေးထား၍ လုပ်ဆောင်ကြဖို့ လိုအပ်ပါသည်။ ချမှတ်ထားသည့်ပဋိညာဉ်အတိုင်း အမြဲအစဉ် ဖြစ်မြောက်စေရန် ကုန်ကြမ်းမှအစ ထွက်ကုန်ဖြစ်သည်အထိ ဝယ်ယူ ရောင်းချမှုစသည့် တန်ဖိုးမြှင့် ကုန်စည်ကွင်းဆက်ကြီး (value chain) တစ်လျှောက်လုံးတွင် အမြင့်မားဆုံး စံချိန်ကို ဆုပ်ကိုင်ထား၍ အရည်အသွေးပြည့်မီသည့် ကုန်စည်များနှင့် ဝန်ဆောင်မှုများကို ကုန်စည်အမျိုးအစားတိုင်းနှင့် ဝန်ဆောင်မှုတိုင်း၏ သတ်မှတ်ချက်များနှင့် သင့်လျော်အောင် စဉ်ဆက်မပြတ် တပြေးညီပေးစွမ်းကြရပါမည်။ ထို့အပြင် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းစဉ်များမှာလည်း ဝန်ထမ်းများအနေဖြင့် ယဉ်ကျေးသိမ်မွေ့ပြီး ဝန်ဆောင်မှုစိတ်ဓာတ် အပြည့်ဖြင့် သင့်လျော်စွာဆောင်ရွက်ကြဖို့လည်း လိုအပ်ပါသည်။



## ဤကဏ္ဍတွင် မည်သည့်အချက်အလက်များ ပါရှိပါသနည်း။

- ကျွန်ုပ်တို့အနေဖြင့် ဂုဏ်ယူဝင့်ကြွားရသည့် ကုန်စည်ရောင်းချရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ ပဋိညာဉ်ကို ပူးပေါင်း၍ ထိန်းသိမ်းစောင့်ရှောက်ကြနိုင်မည့် နည်းလမ်းများ။
- ကျွန်ုပ်တို့အနေဖြင့် ရေရှည်တည်တံ့ရေးအတွက် တွေးခေါ်ပုံများကို နိစ္စဓူဝ လုပ်ငန်းစဉ်တာများတွင် အသုံးပြုနိုင်မည့် နည်းလမ်းများ။
- Charoen Pokphand Group ၏ တန်ဖိုးမြှင့်ကုန်စည်ကွင်းဆက်ကြီး (value chain) ကို ကျွန်ုပ်တို့၏ရေရှည်တည်တံ့ရေးနှင့် အရည်အသွေးစံနှုန်းအတွက် ထားရှိသည့် ပဋိညာဉ်နှင့် ကိုက်ညီအောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းများ။
- ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးကို ဈေးကွက်မြှင့်တင်ရေးအတွက် ကြော်ငြာထားသည့်အတိုင်း ကိုက်ညီအောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းများ။

**Charoen Pokphand Group သည် ဝယ်ယူသူများ၏ လိုအပ်ချက်များကို သိရှိနားလည်သောကြောင့် ဝယ်ယူသူများ အဆင်ပြေချောမွေ့စွာဖြင့် ကောင်းမွန်သည့် တန်ဖိုးရရှိပြီး ရေရှည်တည်တံ့သည့် လူနေမှုအရေအသွေးမြှင့်တင်ပေးဖို့ ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို တီထွင်ထုတ်လုပ်ပေးလျက်ရှိပါသည်။**

အရည်အသွေးစံချိန်စံညွှန်းနှင့် ကိုက်ညီပြီး ဝယ်ယူသူများ၏ ရေရှည်ယုံကြည်မှုကို ရရှိစေရန်အတွက် ကျွန်ုပ်တို့အားလုံး အနေဖြင့် Charoen Pokphand Group ၏ မြင့်မားသော အရည်အသွေးစံချိန်စံနှုန်းကို ဆုပ်ကိုင်ထား၍ မိမိတို့၏ တာဝန်ဝတ္တရားအတိုင်း သိရှိနားလည်စွာ ဆောင်ရွက်ကြဖို့လိုအပ်ပါသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင်လည်း Charoen Pokphand Group အပေါ် အကျိုးသက်ရောက်နိုင်မှုများကို အစဉ်အမြဲသိရှိ နားလည်ထားပြီး တရားဥပဒေအရ ပြဌာန်းထားသည့် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါသည်။

Charoen Pokphand Group မှ သို့မဟုတ် ဈေးကွက်မှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် မကိုက်ညီသည့် ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများကို မည်သည့်နေရာ မည်သည့်အချိန်၌မဆို တွေ့ရှိပါက ကျွန်ုပ်တို့အနေဖြင့် ဝယ်ယူသူအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အချိန်မီချက်ချင်း အရေးတယူဖြေရှင်းပေးပါမည်။ ထို့အပြင် ဝယ်ယူသူများအနေဖြင့် ကျွန်ုပ်တို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲခြင်းမှ အတွေ့အကြုံကောင်းများ ရရှိကျေနပ်စေရန် Charoen Pokphand Group အနေဖြင့် ကုန်စည်အရည်အသွေးကို ဝန်ဆောင်မှု ကဏ္ဍရော ဈေးကွက်ကဏ္ဍမှာပါ ဝယ်ယူသူများ၏ ကျေနပ်မှုစစ်တမ်းကောက်ယူခြင်းမှ ရလဒ်များအပေါ် မူတည်၍ စဉ်ဆက်မပြတ် ပြုပြင်လျက်ရှိပါသည်။




### “အရည်အသွေး” ဆိုသည်မှာ မည်သည်ကို ဆိုလိုပါသနည်း။

“အရည်အသွေး” ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး ဝယ်ယူသုံးစွဲသူတို့အတွက်ပါ ဘေးအန္တရာယ် ကင်းရှင်း၍ လုံခြုံစိတ်ချရသည့် ကုန်စည်နှင့် ဝန်ဆောင်မှုတို့ကို ဆိုလိုပါသည်။ ထို့အပြင် ကုန်စည်များနှင့် ဝန်ဆောင်မှုတို့၏ အရည်အသွေးမှာ တစ်နိုင်ငံချင်းစီမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်း ကိုက်ညီမှုရှိရပါမည်။ နေရာဒေသနှင့် အချိန်ကာလအပေါ် မူတည်ပြီး ပြောင်းလဲနေသည့် ဝယ်သူတို့၏ နှစ်သက်မှုနှင့် လိုအပ်ချက်တို့ဖြင့် ထပ်တူကျအောင် Charoen Pokphand Group အနေဖြင့် ကုန်စည်အရည်အသွေးများကို ပိုမိုကောင်းမွန်သထက် ကောင်းမွန်လာအောင် ရှေ့လျှောက်တိုးမြှင့်သွားဖို့ အစဉ်အားစိုက်လျက်ရှိပါသည်။

၂(က)

# အရည်အသွေးပြည့်မီသော ထုတ်ကုန်များ နှင့် ဝန်ဆောင်မှုများ ပေးစွမ်းခြင်း

## ဤသည် ကျွန်ုပ်အတွက် မည်သည်ကို ဆိုလိုပါသနည်း။

### ☑ ဆောင်ရန်

- တန်ဖိုးမြှင့်ကုန်စည်ကွင်းဆက်ကြီး (value chain) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် သင်သည် ဝယ်ယူစားသုံးသူတစ်ဦးအနေဖြင့်ရော Charoen Pokphand Group ၏ ဒါရိုက်တာ သို့မဟုတ် အမှုထမ်း အရာထမ်းတစ်ဦးအနေဖြင့်ပါ သင်လိုလားအပ်သည့် အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု ဆိုသည်မှာ မည်သို့မည်ပုံဖြစ်ပြီး ထိုစံချိန်စံညွှန်းအတိုင်း ရရှိစေဖို့ မည်သို့ရပ်တည် ပြုကျင့်မည်နည်းဟု သင့်ကိုယ်သင် မေးသင့်ပါသည်။
- သင့်မိသားစုနှင့် မိတ်ဆွေများ သုံးစွဲရန်အတွက် ဂုဏ်ယူစွာထောက်ခံညွှန်းဆိုနိုင်မည့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကိုသာ ထုတ်လုပ်ရန်။
- Charoen Pokphand Group ၏ အဓိကအရေးကြီးသည့် အချက်အဖြစ် ဦးစားပေးအလေးထားသော ကဏ္ဍဖြစ်သည့်အလျောက် ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ရာတွင် ဝယ်ယူစားသုံးသူတို့ ဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးတို့ကို မြှင့်တင်ပေးနိုင်သည့် ပတ်ဝန်းကျင်တွင်သာ ထုတ်လုပ်သည်ဟုသေချာစေရန်။
- ဝယ်ယူသူ ကုန်စည်နှင့် ဝန်ဆောင်မှုတို့၏ ဘေးကင်းလုံခြုံမှုအပေါ် ထိခိုက်နိုင်သည့် အန္တရာယ်တစ်စုံတစ်ရာတွေ့ရှိပါက အချိန်မီ သင့်လျော်စွာကိုင်တွယ်နိုင်စေဖို့ စီမံအုပ်ချုပ်သူထံ ချက်ချင်းအကြောင်းကြားရန်။

### ☒ ရှောင်ရန်

- ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်သည့် ပြဿနာများကို တင်ပြရန် တုံ့ဆိုင်းခြင်း။
- ရေရှည်တည်တံ့သောလမ်းစဉ်အတိုင်း အရေအသွေးမြင့်သည့်လူနေမှုဖြင့် အဆင်ပြေချောမွေ့သည့်ဘဝတွင် ဝယ်ယူစားသုံးသူများ ပျော်မွေ့စေဖို့အတွက် သင် သို့မဟုတ် သင်၏ အသင်းအဖွဲ့အနေဖြင့် ကတိကဝတ်ပျက်ပြားခြင်း။
- အရည်အသွေးထိန်းချုပ်မှုကို ရှောင်ကျဉ်ခြင်း သို့မဟုတ် အလွယ်လမ်းရွေး၍ ဆောင်ရွက်ခြင်းကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုတို့၏ အရည်အသွေး သို့မဟုတ် ဘေးကင်းလုံခြုံမှုကို ယုတ်လျော့ကျဆင်းစေခြင်း။

## အဓိက ထုတ်နုတ်ချက်။

Charoen Pokphand Group အနေဖြင့် ဝယ်ယူစားသုံးသူတို့၏ လိုအပ်ချက်ကို အဓိကထားဖြည့်ဆည်းဖို့အတွက် ကုန်စည်များနှင့် ဝန်ဆောင်မှုများကို ဂုဏ်ယူစွာ ထုတ်လုပ်ပေးစွမ်းလျက်ရှိတာကြောင့် ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းထားနိုင်ခြင်းဖြစ်ပါသည်။

## ဖြည့်စွက်ချက်။ ။

**အမေး။ ။ ဘေးကင်းလုံခြုံမှု မရှိသည့် ကုန်စည်များကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးနစ်နာမှုများအပေါ် တာဝန်ရှိမှု (စားသုံးသူကာကွယ်ရေးဥပဒေ) သည် Charoen Pokphand Group အပေါ်မည်သို့ အကျိုးသက်ရောက်မှုရှိပြီး ပြစ်ဒဏ်သင့်နိုင်ပါသလား။**

အဖြေ။ ။ စားသုံးသူကာကွယ်ရေးဥပဒေသည် တန်ဖိုးမြှင့်ကုန်စည်ကွင်းဆက်ကြီး (value chain) တစ်လျှောက်လုံးရှိ ကုန်စည် ထုတ်လုပ်သူ ၊ ဖြန်းချီရောင်းချသူ ၊ ကုန်ပံ့ပိုးသူ ၊ လက်လီဖြန့်ချီသူများ အားလုံးအပေါ် အကျိုးသက်ရောက်မှုရှိပါသည်။ ကုန်စည်ကွင်းဆက်အတွင်းရှိ ပါဝင်ပတ်သက်သူများ၏ တာဝန်ယူမှုအပိုင်းကို စာချုပ်ဖြင့် ကန့်သတ်ထားသော်ငြားလည်း ဤကုန်စည်ကွင်းစက်ကြီးအတွင်းရှိ သက်ဆိုင်သူများအားလုံးအနေဖြင့် ကုန်စည်ထုတ်လုပ်မှု ၊ ဖြန့်ချီမှု ၊ ရောင်းချမှုတို့မှ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များအပေါ် တာဝန်ဝေမျှ ခံယူရပါမည်။ ထို့ကြောင့် Charoen Pokphand Group အနေဖြင့် တာဝန်ယူ ထုတ်လုပ်သည့် ကုန်စည်များနှင့် ဝန်ဆောင်မှုအားလုံးတို့၏ အမြင့်မားဆုံးသော အရည်အသွေးကို အစဉ်ထိန်းသိမ်းထားသည်ဟု သေချာရန်လိုအပ်ပါသည်။ ဤပဋိညာဉ်အား ဆက်လက်စောင့်ထိန်းနိုင်ရန် လမ်းညွှန်ချက်များအား စားသုံးသူကာကွယ်ရေး ဥပဒေတွင် ဖတ်ရှုလေ့လာ ကိုးကားနိုင်ပါသည်။

## အကယ်၍ သင်သည် မန်နေဂျာ တစ်ယောက်ဖြစ်ပါက...

- ကျွန်ုပ်တို့အနေဖြင့် ကုန်စည်များနှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးကို အမြင့်ဆုံးစံချိန်တွင် ဆက်လက်ထိန်းသိမ်းထားရှိနေကြောင်း သေချာစေရန် ဝယ်ယူစားသုံးသူများနှင့် အခြားပြင်ပအဖွဲ့အစည်းများထံမှ ကျွန်ုပ်တို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် ထင်မြင်ချက်တို့အား စစ်တမ်းကောက်ယူရန်။

- Charoen Pokphand Group အပေါ် ယုံကြည်စိတ်ချမှု လျော့နည်းသွားစေနိုင်မည့်အချက်ဖြစ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးသည် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိခြင်း သို့မဟုတ် ဘေးကင်းလုံခြုံမှုအပေါ် ထိခိုက်စေနိုင်မည့် အလားအလာများ တွေ့ရှိပါက ထိုကုန်စည်များနှင့် ဝန်ဆောင်မှုများကို တာဝန်သိစွာဖြင့် အလျင်မီ ပြန်လည်သိမ်းဆည်းခြင်း ပြုလုပ်ရန်နှင့် ထိုပြန်လည်သိမ်းဆည်းရေး ဆောင်ရွက်မှုကို ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် အညီ သို့မဟုတ် သည့်ထက်ပို၍ လုပ်ဆောင်ရန်။


- ဝယ်ယူစားသုံးသူများအနေဖြင့် Charoen Pokphand Group ၏ ကုန်စည်နှင့် ဝန်ဆောင်မှုများမှ ရရှိသည့် အရည်အသွေး အတွေ့အကြုံများအပေါ် စိတ်ချယုံကြည်မှုရှိစေရန် ထုတ်ကုန်များ၏ အရည်အသွေးနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်များ၏ စွမ်းဆောင်ရည်ကို တိုင်းတာ၍ မှတ်တမ်းတင်ရာတွင်လည်းကောင်း အခြားသင့်လျော်သော ကဏ္ဍများ၌သော်လည်းကောင်း ထိရောက်သည့် လုပ်ဆောင်မှုများနှင့် ကာကွယ်ရေး နည်းလမ်းများ ချမှတ်ဆောင်ရွက်ရန်။

- ဈေးကွက်စံနှုန်းနှင့် ပတ်သက်သည့် နောက်ဆုံးရသတင်းအချက်အလက်များနှင့် ဝယ်ယူစားသုံးသူများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်သည့် နိုင်ငံတကာစံနှုန်းများအပြင် အရည်အသွေးနှင့် ပတ်သက်သည့် အခြားလမ်းညွှန်ချက်များကို မျက်ခြေမပျက် စောင့်ကြည့်လေ့လာရန်။

**Charoen Pokphand Group အနေဖြင့် ကျွန်ုပ်တို့၏ လုပ်ငန်းစဉ်လည်ပတ်မှုကြောင့် အကျိုးသက်ရောက်မှုရှိသော သယံဇာတ အရင်းအမြစ်များကို တာဝန်သိစွာ စီမံခန့်ခွဲရမှာ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့နည်းစေရန် အဓိကရည်မှန်း၍ အဆက်မပြတ် အားစိုက်ကြိုးပမ်းလျက် ရှိပါသည်။ ထို့အပြင် ကျွန်ုပ်တို့၏ တန်ဖိုးမြှင့် ကုန်စည် ကွင်းဆက်ကြီး (value chain) အတွင်းရှိ တိရိစ္ဆာန်များနှင့် ပတ်ဝန်းကျင်များအတွက် တာဝန်ယူမှုရှိစွာနှင့်ရေရှည် တည်တံ့စွာ ဂရုစိုက်ဖို့ကိုလည်း ဦးတည်ထားပါသည်။**

Charoen Pokphand Group သည် ကမ္ဘာ့အဆင့်မီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို တည်ထောင်ဆောင်ရွက်နေသည့် ကုမ္ပဏီဖြစ်သည့်အလျောက် ကျွန်ုပ်တို့၏ လုပ်ငန်းစဉ်လည်ပတ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် လွန်စွာ အလေးထားပါသည်။ ဝယ်ယူသုံးစွဲသူများအနေဖြင့်လည်း ရေရှည်တည်တံ့မှုရှိသည့် ကုမ္ပဏီများအပေါ်ပိုမိုအားပေးလာကြဖို့ အလားအလာရှိလာသည်ကို ကျွန်ုပ်တို့သိရှိနားလည်သောကြောင့် ကျွန်ုပ်တို့စီးပွားဝင်ရောက်လုပ်ကိုင်နေသည့် နိုင်ငံများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များအတိုင်း သို့မဟုတ် သတ်မှတ်ထားသည်များထက် ပို၍ လုပ်ဆောင်နိုင်ရန် နှစ်မြုပ်ထားပါသည်။ ဤပဋိညာဉ်သည် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျောက်လုံးအပါအဝင် စွန့်ပစ်ပစ္စည်းများ သုတ်သင်ခြင်း၊ ကုန်ကြမ်းများနှင့် ဓါတုပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့များ ထုတ်လွှတ်ခြင်းတို့အပေါ် စီမံခန့်ခွဲမှုများအားလုံးအတွက် အကျိုးသက်ရောက်ပါသည်။ Charoen Pokphand Group အနေဖြင့် စောင့်ထိန်း ကျင့်သုံးနေသည့် စံချိန်စံညွှန်းထက် လျော့နည်းသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေရှိသည့် နိုင်ငံများတွင်လည်း ကျွန်ုပ်တို့၏လုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် ပတ်ဝန်းကျင်အပေါ် တာဝန်ယူမှုရှိစွာ လုပ်ဆောင်သည့်လမ်းစဉ်ကို ဆုပ်ကိုင်၍ လုပ်ဆောင်လျက်ရှိပါသည်။

ထို့အပြင် Charoen Pokphand Group အနေဖြင့် ကျွန်ုပ်တို့၏ လက်ရှိကျင့်သုံးနေသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများမှ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများလျော့နဲစေရန် နည်းလမ်းများကိုသုတေသနများ ပြုလုပ်လျက်ရှိပါသည်။ ထိုသို့ပြုလုပ်ရာမှာ လုပ်ငန်းစွမ်းဆောင်ရည်တိုးမြှင့်မှုကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည် ပိုမိုမြင့်မားမှုနှင့် လိုက်လျောညီထွေဖြစ်မှုအပေါ် မူတည်၍ လုပ်ဆောင်လျက်ရှိပါသည်။



၂(ခ)

# သယံဇာတများအား ကြာရှည်သုံးစွဲနိုင်ရန် ခြိုးခြံခြင်း

# အကြံပြုချက်။ ။

## ☑ ဆောင်ရန်

- မည်သည့်အရာကို မည်ကဲ့သို့ သုတေသနပြုခြင်းများမှစ၍ ကုန်ပေးပို့ခြင်း ၊ ကုန်ထုပ်ပိုးခြင်း ၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ရောင်းချပေးစွမ်းခြင်းများအထိ ကျွန်ုပ်တို့၏ တန်ဖိုးမြှင့်ကုန်စည်ကွင်းဆက်ကြီး (value chain) တစ်လျှောက်လုံးရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို အကြွင်းမရှိ နားလည်သဘောပေါက်ထားရန်။
- သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများကို သင်တက်နိုင်သည့် အခါတိုင်းတွင် လျော့ချပေးပြီး ကျွန်ုပ်တို့အတူတကွ သုံးစွဲနေသည့် သယံဇာတများကို ထိန်းသိမ်းရာတွင် ဦးဆောင်သူဖြစ်လာစေရန်။
- ကုန်ကြမ်းအလေအလွင့် အနဲဆုံးဖြစ်စေရန်နှင့် လေလွင့်ပစ္စည်းများကို တစ်ဖန်ပြန်လည်အသုံးပြုနိုင်စေရန် သို့မဟုတ် လေလွင့်ပစ္စည်းများလျော့ချနိုင်ဖို့ သင့်လျော်သည့် အခြားနည်းလမ်းများ ရှာဖွေရန်။
- ကျွန်ုပ်တို့၏ ကုန်ကြမ်းပံ့ပိုးသူများနှင့် စီးပွားဖက်များအနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်း သဘောတူချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုအတွက် အာမခံပေးရန်။
- ကျွန်ုပ်တို့အနေဖြင့် စွမ်းအင်နှင့် ရေကို လိုအပ်သည်ထက်ပို၍ အသုံးမပြုပါကြောင်း စိတ်ချသေချာစေရန်။
- အနည်းဆုံးအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သတ်မှတ်ချက်အားလုံးကို လိုက်နာစေရန်။
- ကျွန်ုပ်တို့၏ ရေရှည်တည်တံ့ရေးအတွက် ကနဦးအစပြုသင့်သည်များအတွက် အကြံဉာဏ်ပေးလိုသည်များကို ထုတ်ဖော်ပြောဆိုတင်ပြရန်။

## ☒ ရှောင်ရန်

- ကျွန်ုပ်တို့၏ ရေရှည်တည်တံ့အရေးအပေါ် အကျိုးထိခိုက်မှု ရှိသည့် လျှပ်စစ်မီးပိတ်ခြင်း ၊ ပစ္စည်းများကို တစ်ဖန်ပြန်လည်အသုံးပြုခြင်း (recycling) စသည့် အသေးအဖွဲကိစ္စများသည် အရေးမကြီးဟုထင်ခြင်း။
- Charoen Pokphand Group ၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အသုံးပြုခြင်းဟာ ပတ်ဝန်းကျင်ကို ထိန်းသိမ်းရာမရောက်ပဲ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးရာရောက်သည်ဟု ဝယ်ယူစားသုံးသူများအကြား ထင်ရောင်ထင်မှားဖြစ်စေခြင်း။

## အဓိက ထုတ်နုတ်ချက်။

Charoen Pokphand Group သည် ရေရှည်တည်တံ့မှုရှိသည့် စီးပွားရေးလုပ်ငန်းစုကြီး ဖြစ်သည့်အလျောက် ရေရှည်တည်တံ့ရေးမူဝါဒသည် သဘာဝပတ်ဝန်းကျင် စိမ်းစိုနေစေရန်နှင့် နောင်လာနောက်သားများအတွက် ထိန်းသိမ်းစောင့်ရှောက်ထားရန် သက်သက်သာမဟုတ်ပဲ ဆန်းသစ်သည့်အရာများ စမ်းသပ်တီထွင်ရင်း အနာဂတ်ကို ပုံဖော်တည်ဆောက်နိုင်ရန် အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု ယူဆထားပါသည်။ ထိုသို့အမှန်တကယ်ဖြစ်မြောက်နိုင်စေရန် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်တိုင်းသည် သေးငယ်သည်ဖြစ်စေ ကြီးမားသည်ဖြစ်စေ ကျွန်ုပ်တို့၏ ရေရှည်တည်တံ့မှုအပေါ် အကျိုးသက်ရောက်မှု ရှိသည်ကို ကျွန်ုပ်တို့အားလုံးအနေဖြင့် အစဉ်သတိရှိနေရပါမည်။

## နမူနာအခြေအနေများ။

**အမေး။ ။ သင့်အနေဖြင့် ကုန်ထုပ်ပိုးမှုလုပ်ငန်းတွင် ပါဝင်ပတ်သက်ခဲ့ရပြီး ကုန်ပစ္စည်းအသစ်တစ်ခုအတွက် ထုပ်ပိုးမှုပုံစံအသစ်ကို တွေ့ရှိထားရာ ထိုစနစ်သည် ဈေးနှုန်းပိုမိုမြင့်မားပေမဲ့ ပြန်လည်အသုံးပြုနိုင်ရန် လွယ်ကူပေသည်။ ဤသည်မှာ ဝယ်ယူစားသုံးသူများအတွက်ရော သင့်ကုမ္ပဏီအတွက်ပါကုန်ကျစရိတ် မြင့်တက်လာမည် ဖြစ်သောကြောင့် သင့်အနေဖြင့် မည်သို့လုပ်ဆောင်သင့်ပါသနည်း။**

အဖြေ။ ။ လွယ်ကူစွာ ပြန်ပြောင်းအသုံးပြုနိုင်သည့်အပြင် ပတ်ဝန်းကျင်အတွက် ထိခိုက်မှုလျော့နည်းစေပြီး လုပ်ငန်းကျင့်ဝတ်နီတိအပေါ်ထားရှိသည့် ကတိကဝတ်အတိုင်း သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးပြုခြင်းအား မြှင့်တင်ပေးရာရောက်သည့် ထုပ်ပိုးပစ္စည်းများ၏ ကောင်းကျိုးများကို တင်ပြသင့်ပါသည်။ ထို့အပြင် ထုပ်ပိုးပစ္စည်းများကို ပြန်ပြောင်းအသုံးပြုခြင်းသည် ရေရှည်တွင် ကုမ္ပဏီအတွက်ရော ဝယ်ယူစားသုံးသူများအတွက်ပါ ကုန်ကျစရိတ် ပိုမိုသက်သာနိုင်စေသည့်အချက်ကို ကုန်ကျစရိတ်နှင့် အကျိုးအမြတ် စိတ်ဖြာလေ့လာချက်နှင့်တွဲ၍ သင့်အနေဖြင့် တင်ပြသင့်ပါသည်။

**ဝယ်ယူသူများထံမှ စိတ်ချယုံကြည်မှု ထားရှိပေးခြင်းကြောင့် Charoen Pokphand Group အနေဖြင့်ဖောက်သည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ပေးစွမ်းနိုင်ဖို့ အားစိုက်ကြိုးစားလျက်ရှိပြီး ဤရည်မှန်းချက်ပန်းတိုင် ရောက်ရှိနိုင်ရန် မူဝါဒများ ၊ လမ်းညွှန်ချက်များနှင့် လုပ်ဆောင်ရန်လမ်းစဉ်များကို ဆုပ်ကိုင်ထား၍ လုပ်ဆောင်လျက်ရှိပါသည်။ အမှန်တကယ်မှာ ကျွန်ုပ်တို့သည် တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်နေသည်မဟုတ်ပဲ ဝယ်ယူသူ ဖောက်သည်များအတွက် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများပေးစွမ်းနိုင်ရန် Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီတိုင်းဟာ ကုန်ပံ့ပိုးသူများနှင့် စီးပွားဖက်များပါရှိသည့် ကွန်ယက်အတွင်းတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်နေကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် Charoen Pokphand Group အနေဖြင့် တန်ဖိုးမြှင့်ကုန်စည်ကွင်းဆက် (value chain) အတွင်းရှိ ကဏ္ဍတိုင်း၏ သက်ဆိုင်သူတိုင်းဟာ ကျွန်ုပ်တို့ကျင့်သုံးနေသည့် ကျင့်ဝတ်စံညွှန်းများနှင့် အရည်အသွေး သတ်မှတ်ချက်များအတိုင်း နည်းတူကျင့်သုံးလျက် ရှိမရှိကို သေချာစိတ်ချနိုင်ရန် စစ်ဆေးပေးဖို့ ဝယ်ယူသူဖောက်သည်များအပေါ် တာဝန်ရှိပါသည်။**

ကုန်ပံ့ပိုးသူများနှင့် စီးပွားဖက်များအနေဖြင့် စဉ်ဆက်မပြတ်လိုက်နာကျင့်သုံးရမည့် ကျွန်ုပ်တို့၏ လမ်းညွှန်ချက် မူဝါဒများနှင့် ကတိကဝတ်များကို ၎င်းတို့အနေဖြင့် ရှင်းလင်းစွာ နားလည်သဘောပေါက်စေရန် ကျွန်ုပ်တို့အနေဖြင့် သွက်လက်စွာ အသိပေးလျက် ရှိပါသည်။

ကုန်ပံ့ပိုးသူများ (Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီများ၏ ကုန်ထုန်လုပ်မှုနှင့် သက်ဆိုင်မှုရှိသည့် သို့မဟုတ် ကုန်ထုတ်လုပ်မှုနှင့် သက်ဆိုင်မှုမရှိသည့် ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည့် ကုမ္ပဏီများ) အတွက် အထူးသတ်မှတ်ချက်များအား Charoen Pokphand Group ၏ ကုန်ပံ့ပိုးသူများကျင့်ဝတ်နီတိ(Supplier Code of Conduct)တွင် ဖော်ပြထားပါသည်။ ဝယ်ယူမှုသဘောတူချက် စာချုပ်များအားလုံးတွင် ဝယ်ယူရန် စည်းကမ်းသတ်မှတ် ချက်အနေဖြင့် Charoen Pokphand Group မှ ချမှတ်ထားသည့် စံချိန်စံညွှန်းများကို ကုန်ပံ့ပိုးသူများအနေဖြင့် သိရှိနားလည်ပြီး လိုက်နာရန် ဝန်ခံမှုလက်မှတ် ရေးထိုးထားရှိရပါမည်။ကုန်ပံ့ပိုးသူများ သို့မဟုတ် စီးပွားဖက်များအနေဖြင့် အဆိုပါသတ်မှတ်ချက်များနှင့် ကတိကဝတ်များမှ မည်သည့် အချက်ကိုမဆို လိုက်နာရန်ပျက်ကွက်ပါက ဝယ်ယူသူများ ကျွန်ုပ်တို့အပေါ် ထားရှိသည့် စိတ်ချယုံကြည်မှုများလျော့နည်းနိုင်မည်ဖြစ်ပြီး Charoen Pokphand Group ၏ ဂုဏ်သတင်းကိုပါ တိုက်ရိုက် အကျိုးယုတ်လျော့စေမှာ ဖြစ်ပါသည်။

### ကျွန်ုပ်တို့၏ ကျင့်ဝတ်ညီစွာ ကုန်ကြမ်းရင်းမြစ်များ ရယူခြင်းအတွက် လမ်းညွှန်ချက်မူဝါဒများမှာ မည်သည်နည်း။

Charoen Pokphand Group သည် စီးပွားရေးလုပ်ငန်း ၊ လူ့အခွင့်အရေးနှင့် ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးရေးအတွက် ရည်မှန်းချက်များ (United Nations Sustainable Goals) အတွက် လမ်းညွှန်ချက်မူဝါဒများကို ဆိုလိုသည့် ကုလသမဂ္ဂ၏ ကမ္ဘာ့ပဋိညာဉ် (United Nations Global Compact) အခြေခံမူဝါဒများအတိုင်း လိုက်နာကျင့်သုံးလျက် ရှိပါသည်။

ကျွန်ုပ်တို့၏ ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက်ကြီး (supply chain) နှင့်ဆက်နွယ်သည့် Charoen Pokphand Group ၏ စံချိန်စံညွှန်းများကို ကုန်ပံ့ပိုးသူများကျင့်ဝတ်နီတိ (Supplier Code of Conduct)နှင့် ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက် စီမံခန့်ခွဲမှု မူဝါဒနှင့် လမ်းညွှန်ချက်များ (Supply Chain Management Policy and Guidelines) တွင် သတ်မှတ် ဖော်ပြထားပါသည်။



## အကြံပြုချက်။

### ☑ ဆောင်ရန်

- သင်နှင့်ချိတ်ဆက်လုပ်ဆောင်သော ကုန်ပံ့ပိုးသူများအနေဖြင့် ကုန်ကြမ်းနှင့်ဝန်ဆောင်မှုများ ရှာဖွေဝယ်ယူရာတွင် ကျွန်ုပ်တို့၏ ကုန်ကြမ်းရယူမှု စံနှုန်းအတိုင်း ကျင့်ဝတ်ညီစွာ လုပ်ဆောင်မှု ရှိမရှိအပေါ် သေချာစေရန် သင့်အနေဖြင့် တာဝန်ခံရန်။
- Charoen Pokphand Group မှ သတ်မှတ်ထားသည့် အရည်အသွေးရရှိစေရန် လိုအပ်သည့် အကြံပြုချက်များ အချက်အလက်များနှင့် သင်တန်းများကို ကုန်ပံ့ပိုးသူများအား ထောက်ပံ့ပေးရန်။
- ကုန်ပံ့ပိုးသူများအနေဖြင့် Charoen Pokphand Group ၏ အရည်အသွေးစံချိန်စံညွှန်းအတိုင်း လိုက်နာဆောင်ရွက်မှု မရှိဟု သံသယဖြစ်ပေါ်လာပါက သင့်အနေဖြင့် ကုမ္ပဏီ၏ စည်းမျဉ်းကြီးကြပ်ရေးဌာန (compliance department) သို့မဟုတ် သင်၏ business unit သို့မဟုတ် Charoen Pokphand Group ၏ သဲလွန်စ လက်ခံရေးဌာနနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ (whistleblowing channels) မှတဆင့် အကြောင်းကြားရန်။

### ☒ ရှောင်ရန်

- Charoen Pokphand Group ၏ ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက် စီမံခန့်ခွဲမှု မူဝါဒနှင့်လမ်းညွှန်ချက်များ (supply chain management guidlines) နှင့်အညီ အကဲဖြတ်သုံးသပ်မှုများ ပြီးဆုံးအောင်မြင်မှု ရှိ/မရှိ မသေချာပဲ ကုန်ပံ့ပိုးသူများထံမှ ဝယ်ယူမှုပြုလုပ်ခြင်း။
- Charoen Pokphand Group ၏ စံချိန်စံညွှန်းအရ သတ်မှတ်ထားသည့် ဝယ်ယူမှု သဘောတူစာချုပ်၌ပါရှိသော အချက်အလက်အချို့အား လစ်လျူရှုခြင်း။

## အဓိက ထုတ်နုတ်ချက်။

ကျင့်ဝတ်ညီစွာ ကုန်ကြမ်းရယူမှုအား အမှန်တကယ်ရုပ်လုံးပေါ်စေရန် အကောင်အထည်ဖော်နိုင်ဖို့ရာ ကုန်ထောက်ပံ့ဖြည့်ဆည်းမှု ကွင်းဆက်ကြီး (supply chain) တစ်ခုလုံးရှိ ကုန်ပံ့ပိုးသူများအားလုံးအနေဖြင့် ကျွန်ုပ်တို့၏ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော်နိုင်ကြစေဖို့ ကုန်ပံ့ပိုးသူများ ကျင့်ဝတ်နီတိအား ဖြန့်ဝေပြီး တင်းကျပ်စွာ လိုက်နာစေရန် Charoen Pokphand Group အနေဖြင့် ကျွန်ုပ်တို့၏ ဒါရိုက်တာများနှင့် အမှုထမ်း အရာထမ်းများအားလုံးထံမှ ပူးပေါင်းပါဝင်မှုကို အားကိုးအားထားရမှာဖြစ်ပါသည်။



သင့်အနေဖြင့် ရှာဖွေဝယ်ယူရေးဌာန (sourcing/ procurement) တွင် တာဝန်ထမ်းဆောင်ရသောအခါ...

ကုန်ပံ့ပိုးသူများ၏ ကောင်းမွန်သည့်အလေ့အထများမှ ပုံဖော်ဖြည့်စွက်မှု နည်းလမ်းအသစ်များကို ဖွင့်ဟလက်ခံ၍ သင့်ကုမ္ပဏီအတွင်းရှိ သက်ဆိုင်ရာ အရည်အသွေးထိန်းချုပ်ရေးဌာနအား မျှဝေပေးခြင်းဖြင့် ကျွန်ုပ်တို့၏ စံချိန်စံညွှန်း များနှင့် ကိုက်ညီမှုရှိစေရန် ကုန်ပံ့ပိုးသူများ၏ အရည်အသွေးထိန်းချုပ်မှုအပိုင်းကို ပိုမိုကောင်းမွန်လာအောင် အထောက်အကူပြုပေးသကဲ့သို့ ကျွန်ုပ်တို့အနေဖြင့်လည်း ၎င်းတို့ထံမှ လေ့လာသင်ယူနိုင်မည် ဖြစ်ပါသည်။

## ဖြည့်စွက်ချက်များ။

**ကုန်ပံ့ပိုးသူ၏ ပင်မကုမ္ပဏီ သို့မဟုတ် ၎င်း၏ ကုမ္ပဏီခွဲများတွင် ရေရှည်တည်တံ့ရေး ကျင့်ထုံးများမရှိသည့်အခါ၌ ကုန်ပံ့ပိုးသူများအနေဖြင့် Charoen Pokphand Group ၏ သတ်မှတ်ချက်များအတိုင်း လိုက်နာကျင့်သုံးစေရန် မည်သည့်အရေးယူဆောင်ရွက်ချက်များ ချမှတ်သင့်ပါသနည်း။**

Charoen Pokphand Group ၏ ရှာဖွေဝယ်ယူရေးဌာနတိုင်းတွင် ကျွန်ုပ်တို့၏ ကုန်ပံ့ပိုးသူတိုင်းအား စိတ်ဖြာတိုင်းတာ၍ ပိုင်ဆိုင်သူများ၏ ဖွဲ့စည်းပုံအထိ အကဲဖြတ်သုံးသပ်သည့် (due diligence) ဆောင်ရွက်မှုများ ရှိပါသည်။ မရှင်းသောအချက်အလက်များရှိပါက သင့်ကုမ္ပဏီ၏ စည်းမျဉ်းကြီးကြပ်ရေးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပြီး Charoen Pokphand Group ၏ ကုန်ပံ့ပိုးသူ ကျင့်ဝတ်နီတိ (supplier code of conduct) နှင့် ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက် စီမံခန့်ခွဲမှု မူဝါဒနှင့် လမ်းညွှန်ချက်များ (Supply Chain Management Policy and Guidelines) အား လေ့လာကိုးကားနိုင်ပါသည်။

---

## ဥပမာ

**အမေး။ ။ သင့်အနေဖြင့် သင်၏ကုန်ပံ့ပိုးသူတစ်ဦးနှင့် ဆွေးနွေးနေစဉ် ၎င်း၏ကုန်ကြမ်းရင်းမြစ်များထဲမှ နေရာတစ်ခုတွင် ကျင့်ဝတ်နှင့်ပတ်သက်၍ မသင်္ကာဖွယ်ရာ တစ်စုံတစ်ခုရှိသည်ဟု သင်ကြားသိရသည့်အခါ သင့်အနေဖြင့် ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဆက်လက်စုံစမ်းစစ်ဆေးသင့်သည် သို့မဟုတ် ၎င်းတို့စတင် ပူးပေါင်းလုပ်ဆောင်မှု မပြုမီ ရှေ့နှစ်နှစ် သုံးနှစ်ကာလအတွင်း၌ ထိုကုန်ပံ့ပိုးသူမှ ပြုလုပ်ခဲ့သည့် ကုန်ကြမ်းရင်းမြစ် စစ်ဆေးမှု ရလဒ်ဟောင်းပေါ်၌သာ မှီငြမ်းယုံကြည်သင့်ပါသလား။**

အဖြေ။ ။ သင့်အနေဖြင့် ထိုကဲ့သို့ မသင်္ကာဖွယ်အကြောင်းအရာ တစ်စုံတစ်ရာအား တွေ့ရှိပါက Charoen Pokphand Group ၏ ဂုဏ်သတင်းပြယုဂ်အပေါ် ထိခိုက်နိုင်မှုကို လျော့ချနိုင်စေရန် ထိုအခြေအနေကို အချိန်မီ ကိုင်တွယ်ဖြေရှင်းဖို့ သက်ဆိုင်ရာဌာနထံသို့ ရေးသားပေးပို့အကြောင်းကြားပြီး သင်၏ ကုန်ပံ့ပိုးသူနှင့် ပူးပေါင်းကာ ကုန်ပံ့ပိုးသူ ကျင့်ဝတ်နီတိ (supplier code of conduct) အတိုင်း လိုက်နာကျင့်သုံး ရပါမည်။

**ဝယ်ယူသူများအား သင့်လျော်၍ မှန်ကန်တိကျ ပြည့်စုံသည့် အချက်အလက်များ ပေးစွမ်းခြင်းသည် Charoen Pokphand Group ၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ရွေးချယ်ရာတွင် ဝယ်ယူသူများ၏ စိတ်ချယုံကြည်မှုကို တည်ဆောက်ရယူခြင်း ဖြစ်ပါသည်။ ရိုးသားဖြောင့်မှန်မှုနှင့် ဝယ်ယူသူတို့၏ ကျေနပ်မှုတို့ ပေါင်းစပ်သောအခါ ဝယ်ယူသူနှင့် ကျွန်ုပ်တို့အကြား ရေရှည်ခိုင်မာသည့် ဆက်ဆံရေး ဖြစ်ထွန်းစေမှာ ဖြစ်ပါသည်။**

Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီများအားလုံးသည် တရားမျှတသော ကုန်စည်ရောင်းချမှု စံနှုန်းကို ဆုပ်ကိုင်ကျင့်သုံးလျက်ရှိပြီး တစ်နိုင်ငံချင်းစီ၏ ကွဲပြားသည့် ဈေးကွက်အခြေအနေပေါ် မူတည်၍ သင့်လျော်သော ဈေးကွက်နှင့် ရောင်းချမှု ဗျူဟာများကိုသာ အသုံးပြုပြီး လျှော့ဈေးဖြင့် စုပုံရောင်းချခြင်း (dumping) မဖြစ်စေရန် သင့်လျော်သည့် ဈေးကွက်ဆိုင်ရာ ဘတ်ဂျတ်ကိုသာ လျာထားလေ့ရှိပါသည်။ ဝယ်ယူသူများသည် Charoen Pokphand Group ၏ ကုန်စည်များနှင့် ဝန်ဆောင်မှုများ ဝယ်ယူရာ၌ မသမာသည့် အလွန်အကျွံ ဈေးကွက်ရှာဖွေမှု အာနိသင်ကြောင့်မဟုတ်ပဲ ကျွန်ုပ်တို့၏ အရည်အသွေးကြောင့်သာ ဖြစ်စေလိုပါသည်။ အကယ်၍ လွဲမှားသော သို့မဟုတ် မဟုတ်မမှန်သောအချက်အလက်များဖြင့် ကုန်စည်များနှင့် ဝန်ဆောင်မှုများအား ကြော်ငြာခဲ့လျှင် ဝယ်ယူသူများ၏ ယုံကြည်မှုကို ပျက်ပြားစေသည်သာမဟုတ်ပဲ Charoen Pokphand Group အနေဖြင့် ဥပဒေချိုးဖောက်ရာလည်း ရောက်နိုင်မည့်အပြင် ဒါရိုက်တာများနှင့် အမှုထမ်း အရာထမ်းများသည်လည်း ကုမ္ပဏီစည်းကမ်း ချိုးဖောက်မှုပစ်ဒဏ် ကျသင့်နိုင်ပါမည်။




၂(ဃ)

# တာဝန်ယူမှုရှိစွာ ရောင်းချခြင်းနှင့် ဈေးကွက် ရှာဖွေခြင်း

# အကြံပြုချက်။

## ☑ ဆောင်ရန်

- Charoen Pokphand Group လုပ်ငန်းဝင်ရောက်လုပ်ကိုင်နေသည့် နိုင်ငံများ၏ ဈေးကွက်နှင့်အရောင်းအဝယ်ဆိုင်ရာ ဥပဒေများ (ယှဉ်ပြိုင်မှုဥပဒေ) ကို အစဉ်အမြဲ လိုက်နာကျင့်သုံးရန်။
- ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများ အသုံးပြုခြင်း၏ ဆိုးကျိုးသက်ရောက်မှုများကို သင့်လျော်လုံလောက်ပြီး တိကျမှန်ကန်သည့် အချက်အလက်များအပါအဝင် သက်ဆိုင်သည့် အာဟာရအချက်အလက်များကိုပါ ရိုးသားပွင့်လင်းစွာ ဖော်ပြထားရန်။
- ရောင်းချမှုနှင့် ဈေးကွက်ဆိုင်ရာ လှုပ်ရှားမှုများတွင် အသုံးပြုမည့် ပုံစံနှင့်အချက်အလက်များသည် တစ်နိုင်ငံချင်းစီ၏ ယဉ်ကျေးမှု ရိုးရာဓလေ့များနှင့် ကိုက်ညီမှုရှိမရှိအပေါ် အနစိတ်၍ သတိထားရှိရန်။
- Charoen Pokphand Group ၏ ကျင့်ဝတ်ဆိုင်ရာ စံချိန်စံညွှန်းများကို လွဲမှားစွာ ဖော်ပြမှုပြုခြင်းမှ ကာကွယ်နိုင်ရန် ဈေးကွက်ဆိုင်ရာ အသုံးအနှုန်းများနှင့် ထည့်သွင်းကြော်ငြာမည့် မြင်ပမီဒီယာများကို သတိရှိစွာ ရွေးခြယ်ရန်။

## ☒ ရှောင်ရန်

- ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ နားလည်မှုလွဲမှားစေသည့် သို့မဟုတ် မသင့်လျော်သည့် ကိုယ်စားပြုမှုကို ဖြစ်ပေါ်စေသည့် ရုပ်ပုံ သို့မဟုတ် အသုံးအနှုန်း အချက်အလက်များကို အသုံးပြုခြင်း။
- ကျွန်ုပ်တို့၏ ကုန်စည်များနှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ လိမ်ညာခြင်း ၊ မဟုတ်မမှန် ချဲ့ထွင်ခြင်း၊ အရေးကြီးသည့် အချက်အလက်များကို ထိန်ချန်ခြင်း။

## အဓိက ထုတ်နုတ်ချက်။

Charoen Pokphand Group အနေဖြင့် ဝယ်ယူသူများ၏ စိတ်ချယုံကြည်မှုကို မျိုးဆက်ပေါင်းများစွာဖြင့် ကြာရှည် ခက်ခဲစွာ ဆောက်တည်လာခဲ့သည် ဖြစ်သောကြောင့် ကျွန်ုပ်တို့အားလုံးအနေဖြင့် ကုန်စည်များနှင့် ဝန်ဆောင်မှုများကို သစ္စာရှိစွာ ထုတ်လုပ်ပေးစွမ်းခြင်းဖြင့် ဝယ်ယူသူများအား ကျေးဇူးဆပ်သင့်ပြီး အရောင်းတက်စေရန် ကြော်ငြာသည့် အချက်အလက်များ အလွန်အကျွံပေးခြင်းမပြုပဲ ဝယ်ယူသူများ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ချင့်ချိန်နိုင်ဖို့ လုံလောက်သည့် အချက်အလက်များသာပေးသင့်ပါသည်။

## ဖြည့်စွက်ချက်များ။

**ကျွန်ုပ်တို့၏ စံချိန်စံညွှန်းသည် စားသုံးသူကာကွယ်ရေးဥပဒေနှင့် မည်သို့စပ်ဆက်မှုရှိပါသနည်း။**

Charoen Pokphand Group ၏ စံချိန်စံညွှန်းသည် ကျွန်ုပ်တို့လုပ်ငန်း ဝင်ရောက်လုပ်ကိုင်နေသည့် နိုင်ငံများ၏ စားသုံးသူကာကွယ်ရေးဥပဒေနှင့် အညီ သို့မဟုတ် ပို၍မြင့်မားပါသည်။ အကယ်၍ စိုးရိမ်မှုတစ်စုံတရာရှိပါက ကုမ္ပဏီ၏ စည်းမျဉ်းကြီးကြပ်ရေးဌာနသို့ ဆက်သွယ်၍ ဆွေးနွေးပြီးအကြံဉာဏ်တောင်းခံသင့်ပါသည်။

# (၃) လုပ်ကိုင်သူများ

**ဒါရိုက်တာများနှင့် အမှုထမ်း အရာထမ်းများသည် ကျွမ်းကျင်မှုစွမ်းရည်များဖြင့် ပြည့်စုံမှသာ ကုမ္ပဏီသည်လည်း တိုးတက်ဖွံ့ဖြိုးနိုင်မည်ဖြစ်သည်ဟု Charoen Pokphand Group အနေဖြင့် အမြဲအစဉ်ယုံကြည်ထားပါသည်။**
**ဒါရိုက်တာများနှင့် အမှုထမ်း အရာထမ်းများ တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ရည်မှန်းချက်ပန်းတိုင်ကို ရယူဆွတ်ခူးပြီး ကျေနပ်မှုရရှိနိုင်မှသာလျှင် ကျွန်ုပ်တို့ကုမ္ပဏီသည်လည်း ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိပြီး ကျေနပ်မှုရရှိနိုင်မှာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကုမ္ပဏီအတွင်းရှိ လုပ်ကိုင်သူတိုင်းအနေဖြင့် တစ်ဦးပေါ်တစ်ဦး အပြန်အလှန် ရိုသေလေးစားမှုဖြင့် ထားရှိဆက်ဆံနိုင်မှသာ ဤကဲ့သို့ ဖြစ်ပေါ်ရရှိနိုင်မှာ ဖြစ်ပါသည်။**

ဤကဲ့သို့ အခြားသူများအပေါ် ရိုသေလေးစားမှု ထားရှိခြင်းသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ရှိသော ဝယ်ယူသူများ ၊ ကုန်ပံ့ပိုးသူများနှင့် အခြားအကျိုးဆက်နွယ်သူများ အားလုံးတို့လည်း ပါဝင်သည်။ ကျွန်ုပ်တို့နှင့် တူညီသည့် ကျင့်ဝတ်စံနှုန်းကို တပြေးညီဆုပ်ကိုင်ကျင့်သုံးကြမှုပေါ် အခြေခံခြင်းမှ ကျွန်ုပ်တို့အနေဖြင့် အများနှင့် တန်ဖိုးဖလှယ်ကြရင်း အတူတကွ တိုးတက်ဖွံ့ဖြိုးမှု ရရှိစေသည့်အပြင် ပြောင်းလည်းမှုကို ထိရောက်စွာလက်ခံနိုင်ခြင်းနှင့် ကျွန်ုပ်တို့ကိုယ်တိုင် ဂုဏ်သိက္ခာနှင့် သစ္စာရှိစွာ အစဉ်အမြဲ ကျင့်ကြံနိုင်ကြမည်ဖြစ်ပါသည်။



## ဤကဏ္ဍသည် သင်နှင့် မည်ကဲ့သို့ သက်ဆိုင်ပါသနည်း။

- အပြန်အလှန်လေးစားမှု ထားရှိကြပြီး တစ်ဦးပေါ်တစ်ဦး တရားမျှတစွာ ဆက်ဆံပြုကျင့်ကြသည့် လုပ်ငန်းခွင် ဖြစ်စေရန် မည်သို့ဖန်တီး လုပ်ဆောင်ကြမည်နည်း။
- မည်သူမဆို မိမိတတ်ကျွမ်းသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ ရည်မှန်းချက်ပန်းတိုင် ရောက်နိုင်အောင် ပံ့ပိုးပေးနိုင်သည့် လုပ်ငန်းခွင်ဖြစ်စေဖို့ ကျွန်ုပ်တို့အနေဖြင့် မည်ကဲ့သို့ အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင် မည်နည်း။
- ဒါရိုက်တာများ ၊ အမှုထမ်း အရာထမ်းများ ၊ ဝယ်ယူသူများ ၊ ကုန်ပံ့ပိုးသူများနှင့် စီးပွားဖက်များ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်ထိန်းသိမ်းပေးထားနိုင်မည်ဟု မည်သို့ စိတ်ချနိုင်မည်နည်း။
- ဘေးကင်းလုံခြုံပြီး ကျန်းမာရေးအတွက်စိတ်ချနိုင်သည့် လုပ်ငန်းခွင်ဖြစ်စေဖို့ မည်သည့်အခါ၌ မည်ကဲ့သို့ လုပ်ဆောင် မည်နည်း။

**Charoen Pokphand Group အနေဖြင့် ဒါရိုက်တာများ အမှုထမ်း အရာထမ်းများအားလုံး အပြန်အလှန် လေးစားစွာ ပြုမူဆက်ဆံခြင်းကို ဖြစ်ပေါ်စေသည့် တစ်စုတစ်စည်းတည်းဖြစ်သော ပတ်ဝန်းကျင်ကို ပျိုးထောင်ပေးလျက်ရှိ၍ ၎င်းတို့ အဆင့်တိုင်း၏ စွမ်းဆောင်နိုင်ရည်အကဲဖြတ်မှုအပေါ်၌သာ သုံးသပ်ဆုံးဖြတ်ပါသည်။ စွမ်းဆောင်ရည်နှင့် ဆက်စပ်မှုမရှိသော အသားအရည် ၊ လူမျိုးစု ၊ နိုင်ငံသား ၊ လိင် သို့မဟုတ် ကျား မ, ဝိသေသ လက္ခဏာ ၊ လိင်ပိုင်းဆိုင်ရာ စိတ်ခံယူမှု ၊ အသက်အရွယ် ၊ ဘာသာတရား ၊ မသန်စွမ်းမှု နှင့် ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ပေးထားသော အခြားရပ်တည်မှု အဆင့်အတန်းများ စသည့် သွင်ပြင်လက္ခဏာများအပေါ် မူတည်၍ ခွဲခြားဆက်ဆံမှုများကို လုံးဝ (လုံးဝ) သည်းခံမည် မဟုတ်ပါ။ ပိုမိုသိရှိလိုပါက Charoen Pokphand Group ၏ "လူ့အခွင့်အရေးနှင့် လုပ်သားဆိုင်ရာ ကျင့်ဝတ် မူဝါဒနှင့် လမ်းညွှန်ချက်များ" (Human Rights and Labor Practices Policy and Guidelines) တွင် ဖတ်ယူလေ့လာနိုင်ပါသည်။**

ထို့အပြင် ကျွန်ုပ်တို့၏ ကျင့်ဝတ်စံနှုန်း ၊ မူဝါဒများ သို့မဟုတ် နိုင်ငံဒေသ၏ ဥပဒေများကို အမှန်တကယ် ချိုးဖောက်မှု သို့မဟုတ် ချိုးဖောက်သည်ဟု သင်္ကာမကင်းဖြစ်မှုများနှင့် ပတ်သက်သည့် သဲလွန်စများကို မိမိ၏တိုက်ရိုက်အုပ်ချုပ်ရေးမှူး သို့မဟုတ် လူ့စွမ်းအားအရင်းအမြစ်ဌာန (human resources) သို့မဟုတ် စည်းမျဉ်းထိန်းချုပ်ရေးဌာနများ ထံသို့ မိမိအပေါ် တန်ပြန်ဆိုးကျိုးသက်ရောက်မှုဖြစ်မည်ကို ကြောက်ရွံ့စရာမလိုပဲ အသိပေးအကြောင်းကြားစေရန် (blow the whistle) လုံ့လဆော်တိုက်တွန်းအပ်ပါသည်။

ရုပ်ပိုင်းဆိုင်ရာ နှုတ်ပိုင်းဆိုင်ရာ သို့မဟုတ် အခြားသောနည်းလမ်းများဖြင့် ဖိနှိပ်မှု ၊ ထိပါးမှု ၊ စော်ကားမှု စသည့် အမျက်ထွက်စေခြင်း သို့မဟုတ် ကြောက်ရွံ့စေခြင်းတို့ကို ဖြစ်စေသော လုပ်ရပ်များအား ဟန့်တားရာတွင် လည်းကောင်း ၊ တရားဥပဒေ ဖွင့်ဆိုချက်များ သို့မဟုတ် တစ်နိုင်ငံချင်းစီ၌ ပညတ်ထားသည့် ရိုးရာဓလေ့များအရ သတ်မှတ်ထားသည့် ဒုက္ခပေး ခြိမ်းခြောက် နှောက်ယှက်မှု အန္တရာယ်များမှ ကင်းရှင်းသည့် လုပ်ငန်းခွင်ဖြစ်ပေါ်စေရန်တွင် လည်းကောင်း Charoen Pokphand Group ၏ ဒါရိုက်တာများ ၊ စီမံအုပ်ချုပ်သူများနှင့် ဝန်ထမ်းများအားလုံးအနေဖြင့် ဝိုင်းဝန်း ပါဝင်မှု ရှိရကြပါသည်။




၃ (က)

တစ်ဦးပေါ်တစ်ဦး လေးစားမှုရှိပြီး

## တရားမျှတစွာ ဆက်ဆံပြုမူမှုကို အားပေးလုံ့ဆော်ခြင်း

## အကြံပြုချက်။

### ☑ ဆောင်ရန်

- ရည်ရွယ်၍ဖြစ်စေ မရည်ရွယ်၍ဖြစ်စေ လုပ်ဖော်ကိုင်ဖက်များ စိတ်မကျေမနပ်ဖြစ်စေမည့် အပြောအဆို အပြုအမူများ အပေါ် သတိထားဂရုစိုက်ရန်။ ခွဲခြားဆက်ဆံမှုနှင့် ဒုက္ခပေးနှောက်ယှက်မှုများကို မရည်ရွယ်ပဲ ပြုလုပ်မိနိုင်သည်အား သတိထားရှိရန်။

- သင်၏ အပြုအမူ သို့မဟုတ် ထင်မြင်ပြောဆိုမှုသည် အခြားသူများအနေဖြင့် နားလည်မှုလွဲမှားခြင်း သို့မဟုတ် အဓိပ္ပါယ်ကောက်ယူမှု လွဲမှားခြင်း ဖြစ်စေနိုင်သလားဟု သင့်ကိုယ်သင် မေးရန်။

- ဒုက္ခပေး နှောက်ယှက် ခြိမ်းခြောက်မှု အန္တရာယ်များ တွေ့ရှိပါက သင်၏ တိုက်ရိုက်အုပ်ချုပ်သူ သို့မဟုတ် လူ့စွမ်းအားအရင်းအမြစ်ဌာန သို့မဟုတ် စည်းမျဉ်းထိန်းချုပ်ရေးဌာန သို့ပါ အကြောင်းကြားအသိပေးရန်။

### ☒ ရှောင်ရန်

- သင်ကိုယ်တိုင် သို့မဟုတ် သင်၏ လုပ်ဖော်ကိုင်ဖက်အနေဖြင့် ခွဲခြားဆက်ဆံခြင်း သို့မဟုတ် နှောက်ယှက် ဒုက္ခပေးမှု ကြုံရပေမဲ့ ပြန်လည်လက်စားခြေခံရမည်ကို စိုးရိမ်သဖြင့် တိုင်ကြားမှု မပြုခြင်း။

- နှုတ်ဖြင့်ဖြစ်စေ ကိုယ်အမူအရာအပြုအမူဖြင့်ဖြစ်စေ တပါးသူအား ကြောက်ရွံ့စေခြင်း သို့မဟုတ် အရှက်ရစေခြင်း။

- မသင့်လျော်သော စ နောက် လှောင်ပြောင်ခြင်း။

- ထိပါး စော်ကားသော သို့မဟုတ် ရိုင်းစိုင်းသော အရာများ ပြသခြင်း။

- လူမှုကွန်ယက်များ သို့မဟုတ် အခြားဆက်သွယ်မှု နေရာများတွင် မိမိ၏ကိုယ်ပိုင် အကောင့်ဖြင့်ဖြစ်စေ ကုမ္ပဏီ၏ အကောင့်ဖြင့်ဖြစ်စေ ဤကျင့်ဝတ် စည်းကမ်းများကို ချိုးဖောက်ရာရောက်စေနိုင်သည်ဖြစ်သည့် အထင်အမြင် ကွန်မန့်များ ရေးသားပြောဆိုခြင်း။

- လုပ်ငန်းခွင်အတွင်း online ဥ်ဖြစ်စေ offline ဥ်ဖြစ်စေ (လုပ်ငန်းခွင်အတွင်းရှိ လူအနည်းစုအကြား ပြောဆိုသည့် အများလက်မခံနိုင်သော ပြောဆိုမှုများ) ထိပါး စော်ကားသော ပျက်ရယ်ပြုမှု ၊ ဒုက္ခပေး နှောက်ယှက် ခြိမ်းခြောက်မှု နှင့် ခွဲခြားဆက်ဆံမှုများကို ပုံမှန်ဖြစ်စဉ်တစ်ရပ်အဖြစ် လျော့တွက်ခြင်း။

### အဓိက ထုတ်နုတ်ချက်

Charoen Pokphand Group အနေဖြင့် ဒါရိုက်တာများနှင့် အမှုထမ်း အရာထမ်းများ အားလုံးအပေါ် တန်းတူအခွင့်အရေး ပေးလျက်ရှိပြီး ဒုက္ခပေး နှောက်ယှက် ခြိမ်းခြောက်မှုနှင့် ခွဲခြားဆက်ဆံမှုများ ကင်းရှင်းကာ အားလုံးအနေဖြင့် တစ်ဦးပေါ်တစ်ဦး အပြန်အလှန် လေးစားမှုထားရှိပေးကြ၍ အတူတကွ အောင်မြင်မှုဆွတ်ခူးနိုင်ကြမည့် လုပ်ငန်းခွင်ဖြစ်စေရန် ကြိုးစားအားစိုက်လျက်ရှိပါသည်။ ဤအချက်များ အမှန်စင်စစ်ဖြစ်မြောက်ရေးဟာ ကျွန်ုပ်တို့အားလုံး၏ စုပေါင်းတာဝန်ဖြစ်ပါသည်။ လုပ်ငန်းခွင်အတွင်း အပြန်အလှန် လေးစားမှုဆိုသည်မှာ သင့်ထံမှ စတင်ရာဖြစ်သည်ကို အမြဲအစဉ် အသိရှိနေစေလိုပါသည်။

## ဖြည့်စွက်ချက်

**လူ့စွမ်းအားအရင်းအမြစ်ဌာနအနေဖြင့် သဲလွန်စ ပေးပို့တိုင်ကြားသူများအား လက်တုန့်ပြန်ခြင်းခံရမှုမှ မည်သို့ ကာကွယ်စောင့်ရှောက်နိုင်မည်နည်း။**

လူ့စွမ်းအားအရင်းအမြစ်ဌာနသည် တိုင်ကြားသူထံမှ သတင်းရပြီးနောက် စုံစမ်းစစ်ဆေးမှုကို လျှို့ဝှက်စွာ ပြုလုပ်သည်ဖြစ်ပြီး တိုင်ကြားသူ၏ ပုံပန်းသဏ္ဍာန်နှင့် တိုင်ကြားခံရသူ၏ အချက်အလက်များကို လျှို့ဝှက်စွာ သိမ်းဆည်းထား ပါသည်။ စုံစမ်းစစ်ဆေးမှုကို ကျယ်ပြန့်စွာချဲ့ထွင် စစ်ဆေးမှုပြုပါက ရွေးခြယ်တင်မြှောက်ခြင်း ခံရသည့် စီမံအုပ်ချုပ်ရေး အဖွဲ့သာလျှင် ထိုအချက်အလက်များကို သိမြင်ခွင့်ရှိပါမည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ထပ်မံသိရှိလိုပါက Charoen Pokphand Group ၏ သဲလွန်စတိုင်ကြားခြင်း မူဝါဒနှင့် လမ်းညွှန်ချက်များ (Whistleblowing Policy and Guidelines) စာအုပ်တွင် ဖတ်ရှုလေ့လာ ကိုးကားနိုင်ပါသည်။

**အောက်ပါနမူနာများသည် လက်ခံ၍ မရနိုင်သော အပြုအမူများ ဖြစ်ပါသည်။**

- လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ထိပါးအနှောက်အယှက်ပေးခြင်း။
- သူတပါးအား နှိမ့်ချကဲ့ရဲ့သည့် ၊ စော်ကားသည့် အသုံးအနှုန်းဖြင့် ပြောဆိုခြင်း သို့မဟုတ် နောက်ပြောင်ခြင်း။
- သူတပါး၏ ပုဂ္ဂိုလ်ရေး ဝိသေသလက္ခဏာများအပေါ် မူတည်၍ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ရန်ငြိုးထားခြင်း။
- နှိမ့်ချစော်ကားသည့် အထင်အမြင်ပေးခြင်း။
- ကြောင်ရှုံ့စေရန် ခြိမ်းခြောက်မှုပြုခြင်း။

မျှတမှုကင်းမဲ့သောကြောင့် စည်းလုံးညီညွတ်မှု ပြိုကွဲစေသည့် အပြုအမူ နမူနာများ။

- သွေးထိုးလှုံ့ဆော်ခြင်း
- အခြားသူငှာအား အသရေဖျက်ခြင်း

**Charoen Pokphand Group သည် ဒါရိုက်တာများနှင့် အမှုထမ်း အရာထမ်းများအားလုံးတို့အပေါ် တန်းတူအခွင့်အရေးပေးပြီး ကျွန်ုပ်တို့၏ စီးပွားလုပ်ငန်းတိုင်းနှင့် ကျွန်ုပ်တို့၏ တန်ဖိုးမြှင့်ကုန်စည်ကွင်းဆက်ကြီး တစ်လျှောက်လုံးရှိ အလုပ်ခန့်အပ်ခြင်းများတွင်လည်း အခြေခံလူ့အခွင့်အရေးများကို လိုက်နာကျင့်သုံး၍ မြှင့်တင်အားပေးလျက် ရှိပါသည်။ ဒါရိုက်တာများနှင့် အမှုထမ်း အရာထမ်းများနှင့် ဝန်ထမ်းများအားလုံး၏ မတူကွဲပြားမှုနှင့် လုပ်ငန်းပိုင်ရှင် ဖြစ်သည်ဟူသော ခံယူချက်ဖြင့် ပေါင်းစည်းနေထိုင်မှုသည် အားသာချက်တစ်ခုဖြစ်ပြီး ဤစံချိန်စံနှုန်းကို အလုပ်ခန့်အပ်ခြင်း ၊ လုပ်ငန်းအကဲဖြတ်ခြင်း ၊ ဖွံ့ဖြိုးရေးသင်တန်းများပေးခြင်း ၊ ရာထူးတိုးမြှင့်ခြင်း ၊ စည်းမျဉ်း စည်းကမ်း ချမှတ်ခြင်း ၊ နစ်နာကြေးပေးခြင်းနှင့် လုပ်ငန်းမှ ရပ်ဆိုင်းခြင်း စသည့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု များတွင် ထည့်သွင်းဆောင်ရွက်လျက် ရှိပါသည်။**

Charoen Pokphand Group သည် ကျွန်ုပ်တို့ ဝန်ဆောင်မှုပေးနေသည့် မတူကွဲပြားသော ဈေးကွက်ကို ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ဖို့ နောက်ကြောင်းရာဇဝင် ၊ ပညာရေး ၊ လိင် ၊ လူမျိုးစု ၊ နိုင်ငံသား ၊ လုပ်ငန်းလုပ်ဆောင်မှုပုံစံနှင့် အတွေးအခေါ် ၊ ဘာသာတရား ၊ အသက်အရွယ် ၊ မျိုးဆက်နှင့် မသန်စွမ်းမှု အစရှိသည့် မတူကွဲပြားမှုများအားလုံး ပေါင်းစည်းပါဝင်သော အားသာသည့် လုပ်ငန်းခွင်တစ်ရပ်ဖြစ်စေရန် မတူကွဲပြားမှုရှိသည့် ဒါရိုက်တာများနှင့် အမှုထမ်း အရာထမ်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပါသည်။

Charoen Pokphand Group အနေဖြင့် အလုပ်ခန့်အပ်ရာတွင် ကျွန်ုပ်တို့၏ လုပ်ငန်းခန့်အပ်ရန် လိုအပ်ချက်များနှင့် မျှော်မှန်းသည့် စွမ်းဆောင်နိုင်စွမ်းများကို အတိအလင်း ထုတ်ဖော်ပြပြီး သက်ဆိုင်သည့် အရည်အချင်း ၊ ကျင့်ဝတ်စွမ်းဆောင်ရည်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် အခြားအချက်အလက်များအပေါ် မူတည်၍ ဆုံးဖြတ်ချက်ချမှတ်ကာ ခန့်အပ်ပါသည်။ ကျွန်ုပ်တို့ လုပ်ငန်းလုပ်ဆောင်သည့် နိုင်ငံတိုင်းတွင် ဥပဒေမှသတ်မှတ်ထားသည့် အသက်အရွယ်ထက် ငယ်ရွယ်သူများကို အလုပ်ခန့်အပ်ခြင်းသော်လည်းကောင်း အဓမ္မအလုပ်ခိုင်းစေမှုများကိုလည်းကောင်း လုံးဝမပြုလုပ်ခြင်းဖြင့် အလုပ်သမားဥပဒေများကို အစဉ်အမြဲလိုက်နာကျင့်သုံးပါသည်။ ထပ်မံသိရှိလိုသည့် အချက်အလက်များရှိပါက Charoen Pokphand Group ၏ “လူ့အခွင့်အရေးနှင့် လုပ်သားဆိုင်ရာ ကျင့်ဝတ် မူဝါဒနှင့်လမ်းညွှန်ချက်များ” (Human Rights and Labor Practices Policy and Guidelines) တွင် ဖတ်ယူလေ့လာနိုင်ပါသည်။



## ၃ (ခ)

## မတူကွဲပြားမှုများအကြား

## တန်းတူအခွင့်အလမ်းရှိ၍ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်မှုကို မြှင့်တင် အားပေးခြင်း။

# အကြံပြုချက်။

## ☑ ဆောင်ရန်

- သင်၏ အလုပ်ခန့်အပ်မှုဆိုင်ရာ သတ်မှတ်ချက်များကို နားလည်သဘောပေါက်အောင် သေချာစွာ လေ့လာရန်။
- သင့်အပေါ် အခြားသူများ ပြုမူဆက်ဆံစေလိုသည့်အတိုင်း အခြားသူများအပေါ်တွင်လည်း ထိုသို့ပြုမူဆက်ဆံရန်
- ကွဲပြားခြားနားသည့် ထင်မြင်ယူဆမှုများကို လက်ခံနားထောင်ပြီး လုပ်ဖော်ကိုင်ဖက်များကို အထောက်အကူပေးရန်။
- ဘေးပတ်ဝန်းကျင်မှ ပြဿနာများကိုနားထောင်ကာ အကြံပြုချက်များကို လက်ခံ သင်ယူရန်။

## ☒ ရှောင်ရန်

- အခြားတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းအား၎င်း၏နောက်ကြောင်းရာဇဝင် ၊ သွင်ပြင်လက္ခဏာ သို့မဟုတ် အခြားပင်ကိုယ် ဝိသေသလက္ခဏာများအပေါ်မူတည်၍ ပိတ်ပင်တားမြစ်ခြင်း။
- လုပ်ငန်းခွင်အတွင်း ထိပါးစော်ကားမှု သို့မဟုတ် စရန်ပြုသည့် လုပ်ရပ်များကို ဟန့်တားမှု မပြုခြင်း။
- လုပ်ဖော်ကိုင်ဖက် သို့မဟုတ် လုပ်ငန်းချိတ်ဆက်ရသူများ၏ အနိုင်ကျင့်မှု သို့မဟုတ် နှောက်ယှက်ဒုက္ခပေးမှုကို ခေါင်းငုံခံခြင်း။

### အဓိကထုတ်နုတ်ချက်။

Charoen Pokphand Group အနေဖြင့် ကုမ္ပဏီအတွင်းရော ပြင်ပမှာပါ မတူကွဲပြားမှုများကို မြှင့်တင်အားပေးပြီး အပြန်အလှန်ကောင်းမွန်စွာ ပြုမူဆက်ဆံရေးနှင့် တန်းတူအခွင့်အရေးရရှိမှုကို ထောက်ခံအားပေးလျက်ရှိပါသည်။ ဒါရိုက်တာများ ၊ စီမံအုပ်ချုပ်သူများနှင့် အမှုထမ်းအရာထမ်းများအားလုံးတို့သည် ကျွန်ုပ်တို့ ထိတွေ့ဆက်ဆံရသူ များအားလုံးအပေါ် ယှဉ်ကျေးသိမ်မွေ့ပြီး ရိုသေလေးစားစွာ ပြုမူဆက်ဆံကြရန် ပန်ကြားအပ်ပါသည်။



Charoen Pokphand Group အနေဖြင့် ကျွန်ုပ်တို့လက်ဝယ်တာဝန်ယူရသော ကိုယ်ရေးကိုယ်တာ ၊ ကျန်းမာရေး ၊ မိသားစုရေးရာ နှင့် ဘဏ္ဍာရေး စသည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းပေးပြီး ထိုအချက်အလက်များအား လုပ်ငန်းအရ လိုအပ်သည့် ပုဂ္ဂိုလ်များနှင့် ဥပဒေအရ ခွင့်ပြုသည့်နေရာများတွင်သာ ထုတ်ဖော်ပြပါသည်။ ဤသည်မှာ ဒါရိုက်တာများ ၊ အမှုထမ်း အရာထမ်းများ ၊ ဝယ်ယူသူများ ၊ ကုန်ပံ့ပိုးသူများ နှင့် စီးပွားဖက်များ အားလုံးတို့၏ အချက်အလက်များကို ကာကွယ်ထိန်းသိမ်းရာတွင် အကျုံးဝင်ပါသည်။



# ၃ (ဂ) ပုဂ္ဂိုလ်ရေးအချက်အလက်များ ကာကွယ်ထိန်းသိမ်းခြင်း

**ကိုယ်ရေးကိုယ်တာ အချက်အလက်ဆိုသည်မှာ မည်သည်နည်း။ ဤသည်ကို ကျွန်ုပ်အနေဖြင့် မည်သို့ကိုင်တွယ် ရမည်နည်း။**

ဒါရိုက်တာများ ၊ အမှုထမ်းအရာထမ်းများ ၊ ဝယ်ယူသူများနှင့် အခြားပုဂ္ဂိုလ်တို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များသည် တစ်နိုင်ငံချင်းစီ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများအရ ကာကွယ်မှုရရှိထားပါသောကြောင့် အထူးတလှယ် ဂရုစိုက်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ကိုယ်ရေးကိုယ်တာ အချက်အလက် အမျိုးအစားခွဲခြားမှုနှင့် ထိန်းသိမ်းရန် လိုအပ်ချက်များနှင့် ပတ်သက်၍ Charoen Pokphand Group ၏ "ကိုယ်ရေးကိုယ်တာ အချက်အလက်နှင့် လျှို့ဝှက်ချက်များဆိုင်ရာ မူဝါဒနှင့်လမ်းညွှန်ချက်များ" (Personal Data and Privacy Policy and Guidelines) တွင် ဆက်လက်လေ့လာနိုင်ပါသည်။

## အကြံပြုချက်။

### ☑ ဆောင်ရန်

- ပုဂ္ဂိုလ်ရေးရာ အချက်အလက်များကို ခွင့်ပြုချက် ရရှိထားသူထံသာ ဖော်ပြရန်။
- လျှို့ဝှက်ရမည့် အချက်အလက်များကို အထူးသတိပြု၍ မှန်ကန်စွာ သိမ်းဆည်းပြီး မလိုအပ်တော့သည့်အခါ၌ လုံခြုံသင့်လျော်စွာ ဖျက်ဆီးရန်။
- ကုမ္ပဏီ၏ လုံခြုံမှုရှိသည့် network အတွင်းမှ printer များဖြင့်သာ print ထုတ်ရန်။

### ☒ ရှောင်ရန်

- မိမိ၏ လျှို့ဝှက်ကုဒ်ကို အခြားသူများအား ပေးသိခြင်း သို့မဟုတ် အရေးအသားဖြင့် မှတ်သားထားသည်များကို လုံခြုံစွာ သိမ်းဆည်းခြင်း မပြုခြင်း။
- သင်၏ ကွန်ပြူတာအား lock မချပဲ အလွတ်ဖွင့်ထားခြင်း။
- စာရွက်စာတမ်း မူရင်းများအား မိတ္တူစက် သို့မဟုတ် printer များတွင် တင်ထားခြင်း။

### အဓိကထုတ်နုတ်ချက်။

Charoen Pokphand Group အနေဖြင့် ကျွန်ုပ်တို့အပေါ် ယုံကြည်စွာအပ်နှံထားသည့် ဝယ်ယူသူများ၊ ဒါရိုက်တာများ၊ အမှုထမ်း အရာထမ်းများ၊ ကုန်ပံ့ပိုးသူများ နှင့် စီးပွားဖက်များအားလုံးတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို လုံခြုံစွာ ကွယ်ထိန်းသိမ်းပေးထားပါသည်။



### အကယ်၍...


**အမေး။ ။ သင့် ဇနီး/ခင်ပွန်း အနေဖြင့် စီးပွားလုပ်ငန်း အသစ်တစ်ခုအတွက် ဆက်သွယ်ရန် သင့်ထံမှ ဝယ်ယူသူ တစ်ဦး၏ အချက်အလက်များကိုတောင်းဆိုလာလျှင် သင့်အနေဖြင့် ထိုဝယ်သူနှင့် ရင်းနှီးမှုရှိသည့် အလျောက် ထိုအချက်အလက်များကို ပေးသင့်ပါသလား။**


အဖြေ။ ။ မပေးသင့်ပါ။ Charoen Pokphand Group ၏ "ကိုယ်ရေးကိုယ်တာ အချက်အလက်နှင့် လျှို့ဝှက်ချက်များဆိုင်ရာ မူဝါဒနှင့်လမ်းညွှန်ချက်များ" (Personal Data and Privacy Policy and Guidelines) အရ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့နှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်တိုင်း၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ အားလုံးကို လုံခြုံလျှို့ဝှက်စွာ ကာကွယ်ထိန်းသိမ်းထားရပါမည်။



**Charoen Pokphand Group အနေဖြင့် ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ ၊ စီးပွားဖက်များနှင့် ဧည့်သည်များအပြင် ကျွန်ုပ်တို့ လုပ်ငန်းဝင်ရောက်လုပ်ကိုင်နေသည့် လူ့အသိုင်းအဝိုင်းအတွင်းရှိသူများ အားလုံးတို့အတွက် ဘေးကင်းလုံခြုံပြီး ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်အဖြစ် ကြိုးစားထိန်းသိမ်းလျက် ရှိပါသည်။ လုပ်ငန်းခွင် ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးဆောင်ရွက်မှုကဏ္ဍများ အစဉ်တိုးတက်ကောင်းမွန်နေစေရန်အတွက် သက်ဆိုင်သည့် ဥပဒေနှင့် စည်းမျဉ်းများအားလုံးကို လိုက်နာလျက်ရှိပါသည်။**

ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်ချင်းစီတိုင်းသည် ကျွန်ုပ်တို့၏ လုပ်ငန်းခွင်အား ဘေးကင်းလုံခြုံမှု အရှိဆုံးနှင့် ကျန်းမာမှုအရှိဆုံး ဖြစ်အောင် ဝိုင်းဝန်းပါဝင် လုပ်ဆောင်ကြရန် တာဝန်ရှိပါသည်။ စီမံအုပ်ချုပ်သူများသည် ၎င်းတို့၏ အုပ်ချုပ်မှုအောက်တွင် ရှိသူများအပါအဝင် ၎င်းတို့ဌာနနှင့် သက်ဆိုင်သည့် ပြင်ပပုဂ္ဂိုလ်တို့၏ လုပ်ငန်းခွင်ဆိုင်ရာ ဘေးကင်း လုံခြုံမှုနှင့် ကျန်းမာရေးတို့အပေါ် တာဝန်ဝတ္တရားရှိပါသည်။ ထို့အပြင် အလုပ်ခန့်အပ်ခြင်း သတ်မှတ်ချက်များအရ လုပ်ငန်းခွင် ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးသည် ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်ချင်းစီရော အားလုံးတို့၏ စုပေါင်းတာဝန်တစ်ရပ် ဖြစ်သည်ကို သဘောတူလက်ခံကြရပါမည်။





## ၃ (ဃ)
## လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု

# အကြံပြုချက်။

## ☑ ဆောင်ရန်

- လုံခြုံမှု မရှိသော လုပ်ငန်းကို လုပ်ရန်တာဝန်ပေးလာသည့်အခါ မေးခွန်းထုတ်ရန်။
- Charoen Pokphand Group ၏ ဘေးကင်းလုံခြုံရေး စံညွှန်းများသည် အကြောင်းရှိ၍ သတ်မှတ်ထားသည် ဖြစ်သောကြောင့် ထိုစံညွှန်းများအတိုင်း အမြဲအစဉ်လိုက်နာရန်။
- သင့်အတွက် လုံလောက်သည့် လေ့ကျင့်သင်ကြားမှု မရရှိထားသည့်အတွက် လုပ်ကိုင်ခဲ့လျှင် သင့်အတွက်ရော အခြားသူများအတွက်ပါ အန္တရာယ်ကျရောက်နိုင်မည်ဖြစ်သည့် လုပ်ငန်းကို သင့်အား ခိုင်းခဲ့လျှင် ငြင်းပါယ်ပြောဆိုရန်။
- လုပ်ငန်းလုပ်ဆောင်နေသူအနေဖြင့် အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေ သို့မဟုတ် ထိုသူအနေဖြင့် လုံလောက်သည့် လေ့ကျင့်သင်ကြားမှု မရရှိသေးသည့် လုပ်ငန်းလုပ်ကိုင်နေသည်ကို တွေ့ရှိပါက ထိုလုပ်ငန်းခွင် အတွင်းရှိ ကြီးကြပ်ရေးမှူးထံသို့ ချက်ချင်းအကြောင်းကြားရန်။
- လုပ်ငန်းခွင်ရှိ မော်တော်ယာဉ် သို့မဟုတ် စက်ယန္တရား၏ အစိတ်အပိုင်း သို့မဟုတ် ကိရိယာပစ္စည်း တစ်ခုခု ချို့ယွင်းနေပြီး အန္တရာယ်ဖြစ်စေနိုင်သည်ကို တွေ့ရှိ သံသယဖြစ်ပါက သက်ဆိုင်သူများအား ချက်ချင်းအသိပေးရန်။
- မိမိကိုယ်ကိုယ်ရော အခြားသူများအတွက်ပါ လုံခြုံမှုမရှိပဲ အန္တရာယ်ကျရောက်နိုင်သည့် လုပ်ငန်းခွင် အခြေအနေကို အစဉ်လေ့လာသုံးသပ်ကြရန်။ ဝန်ထမ်းများအားလုံး အနေဖြင့် မည်သည့်ရာထူးတာဝန် ရှိသည်ကာမူ ဘေးကင်း လုံခြုံစွာ လုပ်ဆောင်နိုင်ကြဖို့ တာဝန်ရှိ ကြသည်ကို အလေးအနက်ထားရန်။

## ☒ ရှောင်ရန်

- အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေတစ်ရပ်ကို သင်ကိုယ်တိုင် အသိပေး သတင်းပို့မည့်အစား အခြားတစ်ဦး တစ်ယောက်လုပ်မည်ကို စောင့်မျှော်နေခြင်း။
- လက်ရှိကျင့်သုံးနေသည့် လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များဟာ ပုံသေတစ်သက်မှတ် ဖြစ်သည်ဟု ယူဆခြင်း။
- အရက်သေစာ ၊ မူးယစ်ဆေးဝါး သို့မဟုတ် အခြားတားမြစ်ထားသည့် ယစ်မူးပစ္စည်းများ အသုံးပြုထား လျှက်လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ဆောင်ခြင်း။
- လေ့ကျင့်သင်ကြားမှု ၊ကျွမ်းကျင်မှု ၊ ကိုယ်ခန္ဓာကျန်းမာမှု သို့မဟုတ် လုံလောက်သည့် ကြိုတင်ပြင်ဆင်မှုများ မရှိပဲ လုပ်ငန်းဝင်ရောက် လုပ်ဆောင်ခြင်း။

### အဓိက ထုတ်နုတ်ချက်

ကျန်းမာပြီး ဘေးကင်းလုံခြုံသည့် လုပ်ငန်းခွင် ရေရှည်တည်တံ့စေရန်မှာ Charoen Pokphand Group ၏ အခြေခံ ရည်မှန်းချက်ဖြစ်ပါသည်။ ဒါရိုက်တာများနှင့် အမှုထမ်းအရာထမ်းများ အားလုံးအနေဖြင့် ပြဿနာ အခြေအနေများကို ဝိုင်းဝန်း စောင့်ကြပ်ကြည့်ရှုကာ သက်ဆိုင်သူများအား အသိပေး၍ ကုစားဖြေရှင်းမှုများ အတူတကွ လက်တွဲဆောင် ရွက်ကြခြင်းဖြင့် ထိန်းသိမ်းထားနိုင်ပါမည်။

## ဖြည့်စွက်ချက်

Charoen Pokphand Group တွင် "လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ဘေးကင်းလုံခြုံ ကျန်းမာရေး စီမံခန့်ခွဲမှု စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များ" (Safety, Occupational Health and Environment Management Standards and Guidelines) ရှိပါသည်။


ဤသည်ကို မိမိတို့ business unit တစ်ခုချင်းစီ၏ သက်ဆိုင်ရာ လုံခြုံရေးဌာန ကြီးကြပ်မှုအောက်ရှိ လမ်းညွှန်ချက် အနေဖြင့် သက်ဆိုင်သည့် ဌာနတိုင်းရှိ ရာထူးအဆင့်တိုင်းမှ ဖြည့်စွက်ပြုပြင်၍ အသုံးပြုနိုင်ပါသည်။

ဤလမ်းညွှန်ချက်များကို ဖြည့်စွက်ပြုပြင်ပြောင်းလည်း၍ ကျင့်သုံးမှုများသည် business unit, business line, နယ်ပယ်ဒေသနှင့် ဌာနဆိုင်ရာ ကြီးကြပ်ရေးမှူးတို့၏ တာဝန်ဖြစ်ပါသည်။ ဖြည့်စွက်သိရှိလိုသည်များအတွက် Charoen Pokphand Group ၏ "လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး မူဝါဒနှင့်လမ်းညွှန်ချက်များ" (Safety, Occupational Health and Workplace Policy and Guidelines) စာအုပ်တွင် လေ့လာနိုင်ပါသည်။



## (၄) ပိုင်ဆိုင်မှုများ

**ဘဏ္ဍာရေး အစရှိသည့် ရုပ်ဝတ္ထုဆိုင်ရာ ထိတွေ့ ကိုင်တွယ်နိုင်သည်များနှင့် ဉာဏ်ပညာဖြင့် တီထွင်ဖန်တီးထားသောအရာများနှင့် ကုမ္ပဏီ၏ ဂုဏ်သိက္ခာကဲ့သို့ ထိတွေ့ကိုင်တွယ်၍ မရနိုင်သည့်အရာများ စသည့် Charoen Pokphand Group ၏ ပိုင်ဆိုင်မှုအားလုံးမှာ ကာလကြာရှည်စွာ စုစည်းဆောက်တည်လာခဲ့ရပြီး ထိုအရာများအားလုံး သည် ကျွန်ုပ်တို့၏ ကျင့်ဝတ်ဆိုင်ရာ စံချိန်စံနှုန်းများသကဲ့သို့ ကျွန်ုပ်တို့အား တမူထူးခြားစေပြီး ခိုင်ခံ့တည်တံ့ စေသည် များလည်း ဖြစ်ပါသည်။**




မည်သို့ပင်ဖြစ်စေ ရည်ရွယ်၍သော်လည်းကောင်း မရည်ရွယ်၍သော်လည်းကောင်း တစ်ကြိမ်မျှသာ ပြုလုပ်မိသည့် လုပ်ရပ် တစ်စုံတစ်ခုတည်းကြောင့် အချိန်ကာလကြာမြင့်စွာ စုစည်းဆောက်တည်လာခဲ့သည့် Charoen Pokphand Group ၏ ပိုင်ဆိုင်မှု ဂုဏ်သိက္ခာများကို လွန်စွာပျက်ပြားယုတ်လျော့စေနိုင်မှာ ဖြစ်ပါသောကြောင့် ဝန်ထမ်းများတစ်ဦး တစ်ယောက်ချင်းစီအနေဖြင့် Charoen Pokphand Group ၏ ပိုင်ဆိုင်မှုများကို လုပ်ငန်းခွင်အတွင်း နေ့စဉ်နှင့်အမျှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ရှိပါသည်။

### ဤကဏ္ဍတွင် မည်သည့်အကြောင်းအရာများ ပါရှိပါသနည်း။

- ကုမ္ပဏီ၏ များပြားလှသည့် အချက်အလက်အမျိုးမျိုးကို မှန်ကန်တိကျစွာ အမျိုးအမည်ခွဲခြား၍ သင့်လျော်စွာ စီမံခန့်ခွဲနိုင်မည့် နည်းလမ်းများ။
- ငွေကြေးသက်သေခံ လက်မှတ်များကို သတ်မှတ်ထားသည့် စည်းမျဉ်းများအတိုင်းမှန်ကန်စွာ ရောင်းဝယ်နိုင်မည့် နည်းလမ်းများ။
- ကျွန်ုပ်တို့ ကုမ္ပဏီအား ငွေကြေးခဝါချမှုများ၌ ပါဝင်ပတ်သက်မှုမရှိစေရန် ကာကွယ်နိုင်မည့်နည်းလမ်းများ။

**Charoen Pokphand Group ၏ တန်ဖိုးအရှိဆုံး ပိုင်ဆိုင်မှုသည် ပုံစံမျိုးစုံဖြင့် တည်ရှိလျက်ရှိသည့် သတင်းအချက်အလက်များဖြစ်ပြီး ၎င်းတို့သည် စာရွက်ပေါ်၌ သို့မဟုတ် ဖိုင်တွဲများ၌ဖြစ်စေ ၊ ကွန်ပြူတာ အီလက်ထရောနစ်ဖိုင်များ သို့မဟုတ် ရုပ်သံဖိုင်များဖြစ်စေ ၊ ကျွန်ုပ်တို့၏ IT application နှင့် system စသည့် ပုံစံအမျိုးမျိုးဖြင့် တည်ရှိကြပါသည်။ အခြေခံအားဖြင့် ထိုအချက်အလက်များအားလုံးကို လျှို့ဝှက်ရန် လိုအပ်သည့် အချက်အလက်နှင့် လျှို့ဝှက်ရန် မလိုအပ်သော အချက်အလက်များဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။**

Charoen Pokphand Group ၏ သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးအစား ခွဲခြားခြင်း ၊ ထိန်းသိမ်းကာကွယ်ခြင်း ၊ အချက်အလက်များ စီမံခန့်ခွဲခြင်းများနှင့်ပတ်သက်၍ မူဝါဒများချမှတ်ပေးထားပြီး ပင်မ Charoen Pokphand Group ကြီးအပါအဝင် လက်အောက်ကုမ္ပဏီများ အနေဖြင့် လိုက်နာကျင့်သုံးရာတွင်ရော ဆုံးဖြတ်ချက်များချမှတ်ရာတွင်ပါ လမ်းညွှန်မှုတစ်ရပ်အဖြစ် အသုံးပြုနိုင်ပါသည်။

Charoen Pokphand Group အနေဖြင့် အန္တရာယ်စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက် ထိန်းချုပ်မှုတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ကျွန်ုပ်တို့၏ လုပ်ငန်းတိုင်းအတွက် နည်းစနစ်ကျသည့် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ထားရှိရန် ရည်မှန်းထားပါသည်။ C.P Group ၏ ကုမ္ပဏီတိုင်းအနေဖြင့် မိမိတို့၏ လုပ်ငန်းသဘာဝအလျောက် သင့်လျော်နိုင်မည့်ပုံစံဖြင့် "သတင်းအချက်အလက်များ စီမံခန့်ခွဲမှု မူဝါဒနှင့်လမ်းညွှန်ချက်များ" (Information Management Policy and Guidelines) ကို ပြုပြင်အသုံးပြုနိုင်ပါသည်။




## ၄ (က)
## ကုမ္ပဏီ၏ သတင်းအချက်အလက်များ
## စီမံခန့်ခွဲခြင်း

# အကြံပြုချက်။

## ☑ ဆောင်ရန်

- သိရှိရန် လိုအပ်မှုပေါ် အခြေခံ၍ (need to know basis) ကုမ္ပဏီ၏ သတင်းအချက်အလက်များကို ဖြန့်ဖြူးခြင်း သို့မဟုတ် ကြည့်ရှုခွင့်ပြုခြင်း။
- သတင်းအချက်အလက်များ သင့်လျော်စွာ အသုံးပြုမှု ၊ ဖြန့်ဝေမှု ၊ သိမ်းဆည်းမှု ၊ ကာကွယ်ထိမ်းသိမ်းမှု နှင့် အချက်အလက်များ ဖျက်ပယ်မှုတို့ကို တစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးအရ တာဝန်ယူရန်။
- ကုမ္ပဏီ သတင်းအချက်အလက်များ ပြုစုခြင်း ၊ ဖြန့်ဖြူးခြင်းနှင့် သိမ်းဆည်းခြင်းတို့ကို Charoen Pokphand Group မှ ခွင့်ပြုပေးထားသည့် IT စနစ်ကိုသာ အသုံးပြုရန်။
- စာရွက်စာတမ်းများ ၊ မှတ်တမ်းများနှင့် ဒီဂျစ်တယ်ပစ္စည်းများကို ကာကွယ်ထိန်းသိမ်းဖို့အတွက် လိုအပ်သည့် အဆင့်များအတိုင်း ဆီလျော်စွာလိုက်နာခြင်းဖြင့် မသမာသည့် ဝင်ရောက်စွက်ဖက်မှုများ သို့မဟုတ် တာဝန်မရှိသူများ ဝင်ရောက်ကြည့်ရှု အသုံးချမှုကို သေချာစွာကာကွယ်ရန်။
- အန္တရာယ်များကို ဆီလျော်စွာစီမံခန့်ခွဲပြီး သတင်းအချက်အလက်များကို ကာကွယ်နိုင်ရန်အတွက် သင်တာဝန်ယူကိုင်တွယ်နေသော သတင်းအချက်အလက်များနှင့် ဆက်နွယ်သည့် ဖြစ်ပေါ်နိုင်သော အန္တရာယ်များကို ဆင်ခြင်သုံးသပ်ရန်။
- Charoen Pokphand Group နှင့် ကျွန်ုပ်တို့ကုမ္ပဏီများမှ ပိုင်ဆိုင်သည့် အများနှင့်မသက်ဆိုင်သော သို့မဟုတ် လျှို့ဝှက်သော သတင်းအချက်အလက်များ ဖော်ပြခြင်းမပြုမီ တရားဥပဒေအရ အကျိုးသက်ရောက်မှု ရှိစေရန် ထုတ်ဖော်မှုမပြုရန် သဘောတူစာချုပ် (Non Disclosure Agreement or NDA) တွင် ဦးစွာ လက်မှတ်ရေးထိုးစေရန်။
- အများနှင့် မသက်ဆိုင်သော အချက်အလက်များနှင့် ပတ်သက်၍ မိုဘိုင်းဖုန်းဖြင့်သော်လည်းကောင်း မိသားစုဝင်များဖြင့်သော်လည်းကောင်း ပြောဆိုဆွေးနွေးရာတွင် အထူးသဖြင့် အများပြည်သူပိုင် နေရာများတွင် အခြားသူများ ကြားသိ ၊ နားဆင် ၊ အသံဖမ်းမှု ပြုခြင်းများဖြင့် သတင်းအချက်အလက် ပေါက်ကြားသွားနိုင်မှုကို အထူးသတိရှိစေရန်။

## ☒ ရှောင်ရန်

- Charoen Pokphand Group သို့မဟုတ် ၎င်းကုမ္ပဏီများနှင့် ပတ်သက်သည့် အများနှင့်မဆိုင်သော အချက်အလက်များကို ကိုယ်ပိုင်နေရာ၌ဖြစ်စေ အများပြည်သူပိုင်နေရာများ၌ဖြစ်စေ ထုတ်ဖော် ပြောဆိုခြင်း။
- ကုမ္ပဏီ၏ IT ပစ္စည်းများဖြစ်စေ ဆက်သွယ်ရေးကိရိယာများဖြစ်စေတို့ကို မိမိကိုယ်ရေးကိုယ်တာကိစ္စ သို့မဟုတ် Charoen Pokphand Group နှင့်၎င်း၏ ကုမ္ပဏီတို့အား ဆိုးကျိုးသက်ရောက်စေမည့် လုပ်ရပ်များပြုခြင်း။
- မိမိ၏ စကားဝှက် (password) ကို အခြားသူများအား အသိပေးခြင်း သို့မဟုတ် email ထဲမှာ မသင်္ကာစရာ link များကို ဖွင့်ကြည့်ခြင်း။
- Charoen Pokphand Group အပေါ် ဆိုးကျိုးသက်ရောက်စေနိုင်မည့် နည်းလမ်းများဖြစ်သည့် စာရွက်စာတမ်းများကို ဖုံးဝှက်ခြင်း ၊ ပြုပြင်ပြောင်းလည်းခြင်း သို့မဟုတ် တရားမဝင်စွာ ဖျောက်ဖျက်စီးခြင်း။
- Charoen Pokphand Group ၏ စီးပွားရေးလုပ်ဆောင်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို တာဝန်မရှိပဲ နှုတ်ဖြင့်သော်လည်းကောင်း အရေးအသားဖြင့်သော်လည်းကောင်း ပြင်ပတွင် ထုတ်ဖော်ခြင်း။

**အဓိကထုတ်နုတ်ချက်။**

သတင်းအချက်အလက် (information) ဟူသည်မှာ Charoen Pokphand Group ၏ ပိုင်ဆိုင်မှုတစ်ရပ်ဖြစ်ပြီး ကျွန်ုပ်တို့အားလုံးအနေဖြင့် မူဝါဒအရ သတ်မှတ်ထားသည့်အတိုင်း ခွဲခြားသတ်မှတ်ခြင်း၊ အမျိုးအမည်ခွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ဖြင့် သတင်းအချက်အလက်များ အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းနှင့် မျှဝေခြင်းတို့ကို မှန်ကန်စွာ လုပ်ဆောင်နိုင်မှာဖြစ်ပါသည်။

**အကယ်၍...**

**အမေး ။ ။ သင်တာဝန်ထမ်းဆောင်နေသော ကုမ္ပဏီ၏ စီမံကိန်းအသစ်တစ်ခုနှင့် ပတ်သက်သည့် သတင်းအချက်အလက်တစ်ခုအား သင့်အနေဖြင့် ဆိုရှယ်မီဒီယာပေါ်တွင် ဖော်ပြလိုက်ပြီးနောက် တက္ကသိုလ်ကျောင်းသားတစ်ဦးသည် ထိုစီမံကိန်းနှင့်ပတ်သက်၍ သုတေသနစာတမ်းပြုစုခြင်း (thesis) လုပ်ရန် အခြားအချက်အလက်များ ထပ်မံတောင်းဆို လာပါသည်။ သင့်အနေဖြင့် မည်သို့ဆောင်ရွက်သင့်ပါသနည်း။**

အဖြေ ။ ။ ကုမ္ပဏီ၏ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းသည် အလွန်အရေးပါသော ကိစ္စဖြစ်သည့်အတွက် သင့်အနေဖြင့် ပိုပြီးသတိထားရှိရန်လိုအပ်ပါသည်။ ဤအခြေအနေမျိုးတွင် တောင်းဆိုခြင်းခံရသည့် သတင်းအချက်အလက်၏ အရေးပါမှုကို သင့်အနေဖြင့် နားလည်သိရှိထားရမည်ဖြစ်ပြီး 'အထူးလျှို့ဝှက်သည့် အချက်အလက်များ'၊ 'လျှို့ဝှက်သော အချက်အလက်များ'၊ 'ကုမ္ပဏီအတွင်း၌သာ အသုံးပြုရမည့် အချက်အလက်များ' နှင့် 'အများပြည်သူ သိရှိနိုင်သော အချက်အလက်များ' စသည့် Charoen Pokphand Group အတွင်းအသုံးပြုသည့် လျှို့ဝှက်အဆင့် ၄ ဆင့်ကိုလည်း သိရှိနားလည်ထားရန် လိုအပ်ပါသည်။ ပို၍တိကျသည့် လမ်းညွှန်မှုအတွက် Charoen Pokphand Group ၏ "သတင်းအချက်အလက်များ စီမံခန့်ခွဲမှု မူဝါဒနှင့်လမ်းညွှန်ချက်များ" (Information Management Policy and Guidelines) တွင် လေ့လာနိုင်ပါသည်။

**သို့မဟုတ်...**

**အမေး ။ ။ သင့်အနေဖြင့် လက်ရှိကုမ္ပဏီမှ နုတ်ထွက်၍ အခြားတစ်နေရာတွင် အလုပ်အကိုင်အသစ် စတင်ရန် ပြင်ဆင်နေပြီး သင့်အလုပ်သစ်တွင် အသုံးပြုရန်အတွက် Charoen Pokphand Group ၏ ကုမ္ပဏီ အစီရင်ခံစာကို မိတ္တူကူးယူသွားခြင်းသည် ခွင့်ပြုနိုင်ဖွယ်ရှိပါသလား။**

အဖြေ ။ ။ အကယ်၍ ထိုကုမ္ပဏီအစီရင်ခံစာအား 'အများပြည်သူ သိရှိနိုင်သော အချက်အလက်' အဖြစ် သတ်မှတ်ထားပါက သင့်အနေဖြင့် ကူးယူသွားနိုင်ပေမဲ့ အကယ်၍ ထိုအချက်အလက်အား 'အထူးလျှို့ဝှက်သည့် အချက်အလက်များ'၊ 'လျှို့ဝှက်သော အချက်အလက်များ'၊ 'ကုမ္ပဏီအတွင်း၌သာ အသုံးပြုရမည့် အချက်အလက်များ' အဖြစ် သတ်မှတ်ထားရှိပါက သင့်အနေဖြင့် Charoen Pokphand Group ၏ ဒါရိုက်တာ သို့မဟုတ် အမှုထမ်း အရာထမ်း အဖြစ်မှ ပျက်ပြယ်သွားပြီးနောက်တွင် မိတ္တူကူးယူသွားခွင့် မရှိတော့ပါ။

**Charoen Pokphand Group တွင် နိုင်ငံအသီးသီး၏ စတော့က်ရှယ်ယာဈေးကွက်တွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများရော စာရင်းမဝင်ထားသည့် ကုမ္ပဏီများပါဝင်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဒါရိုက်တာများ၊ အမှုထမ်း အရာထမ်းများနှင့် ဝန်ထမ်းများအားလုံး အနေဖြင့် 'အများပြည်သူနှင့် ဆိုင်သော အချက်အလက်များ' နှင့် 'အများပြည်သူနှင့် မဆိုင်သော အချက်အလက်များ' ၏ ကွားခြားချက်ကို သိရှိနားလည်နိုင်စေဖို့အပြင် 'အများပြည်သူနှင့် မဆိုင်သော အချက်အလက်များ' နှင့် 'အရေးကြီးသော အချက်အလက်များ' နှင့်သက်ဆိုင်သည့် ဥပဒေလုပ်ထုံးများနှင့်အညီ ဆောင်ရွက်နိုင်ကြဖို့ ကျွန်ုပ်တို့၏ သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်ထားရှိခြင်းဟာ လွန်စွာအရေးပါပါသည်။ ကုမ္ပဏီ၏ သတင်းအချက်အလက်များ စီမံခန့်ခွဲရေးနှင့် လျှို့ဝှက်ချက်များ ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး ပိုမိုနားလည်မှု ရရှိလိုပါက (အပိုဒ်စဉ် ၄ (က) စာမျက်နှာ ၄၅ - ၄၇)တွင် လေ့လာနိုင်ပါသည်။**

အများပြည်သူနှင့် မဆိုင်သော အချက်အလက်များကို အသုံးပြု၍ စတော့က်ရှယ်ယာဈေးကွက်တွင် အရောင်းအဝယ် လုပ်ခြင်းနှင့် လွဲမှားသော အချက်အလက် အတုအပများကို ဖြန့်ဖြူးခြင်းသည် နိုင်ငံအများစုတွင် တရားဥပဒေ ချိုးဖောက်ရာ ရောက်ပါသည်။ စတော့ရှယ်ယာဈေးကွက်တွင် စာရင်းဝင်ထားသည့် Charoen Pokphand Group သို့မဟုတ် အခြားကုမ္ပဏီများ၏ စတော့ရှယ်ယာများကို ဝယ်ယူခြင်းအတွက် ရှယ်ယာဈေးနှုန်းခြယ်လှယ်မှု ပြုခြင်းသည် ကုမ္ပဏီ၏စည်းကမ်းချိုးဖောက်ရာရောက်သည့်အပြင် Charoen Pokphand Group အပါအဝင် ဒါရိုက်တာများနှင့် အမှုထမ်း အရာထမ်းများအနေဖြင့် ရာဇသတ်ကြီးပစ်ဒဏ်သင့်၍ ဒဏ်ငွေများပါ ကျသင့်နိုင်ပါသည်။

**အများပြည်သူနှင့် မသက်ဆိုင်သော အရေးကြီးသည့် အချက်အလက်များဆိုသည်မှာ မည်သည်နည်း။**

Charoen Pokphand Group နှင့် Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီများနှင့် ပတ်သက်သည့် အများပြည်သူနှင့် မသက်ဆိုင်သော အချက်အလက်များနှင့် စတော့ရှယ်ယာဈေးကွက်တွင် စာရင်းဝင်ထားသော Charoen Pokphand Group ၏ ကုမ္ပဏီများ၏ စတော့ရှယ်ယာ ဈေးနှုန်းအပေါ် အကျိုးသက်ရောက်စေသည့် အချက်အလက်များ ကိုဆိုလိုပါသည်။

**Securities ဆိုသည်မှာ မည်သည်နည်း။**

စတော့ရှယ်ယာများ ၊ ငွေချေးစာချုပ်များ ၊ ငွေစက္ကူများနှင့် ရင်းနှီးမြုပ်နှံမှုများ ကိုဆိုလိုပါသည်။




## ၄ (ခ) ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်း

## အကြံပြုချက်။

**☑ ဆောင်ရန်**

- Securities များအရောင်းအဝယ်မပြုမီ ဝယ်ယူလိုသော ရည်ရွယ်ချက်ကို စာရင်းဝင်ကုမ္ပဏီများ၏ လုပ်ထုံးလုပ်နည်းများဖြင့်အညီ တင်ပြရန်။
- အရောင်းအဝယ်မပြုမီ တစ်နိုင်ငံချင်းစီ၏ securities ရောင်းဝယ်ခြင်းနှင့် ပတ်သက်သည့် ဥပဒေများကို လေ့လာရန်။

**☒ ရှောင်ရန်**

- သင့်ထံ၌ ကုမ္ပဏီအတွင်းပိုင်း အချက်အလက်များရှိနေသည့် စာရင်းဝင်ထားသည့် Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီများ၏ စတော့ရှယ်ယာများ အရောင်းအဝယ်လုပ်ခြင်း။
- အချက်အလက်အတုအပများ ဖြန့်ဝေခြင်းဖြင့် စတော့ရှယ်ယာ ဈေးနှုန်းအပြောင်းအလဲဖြစ်စေခြင်း။
- အတွင်းပိုင်းအချက်အလက်များ လက်ဝယ်ရှိသူအား စတော့ရှယ်ယာများ အရောင်းအဝယ်လုပ်ရန် မြှူဆွယ်ခြင်း။

**အဓိကထုတ်နုတ်ချက်။**

Charoen Pokphand Group အတွင်းရှိ စတော့ရှယ်ယာဈေးကွက်တွင် စာရင်းဝင်ထားသော ကုမ္ပဏီများ၏ securities များကို အရောင်းအဝယ်မပြုမီ အတွင်းပိုင်းအချက်အလက်များကို ရည်ရွယ်၍ဖြစ်စေ မရည်ရွယ်၍ဖြစ်စေ အသုံးမပြုပါဟု သေချာစေရန် စစ်ဆေးမှုပြုပြီးသည့် စစ်တမ်းကိုပေးပို့ပြီး စည်းမျဉ်းကြီးကြပ်ရေးဌာန သို့မဟုတ် Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီများ၏ တာဝန်ရှိသောဌာနထံ အကြောင်းကြားရန်။

**အတွင်းပိုင်း အချက်အလက်များ ဆိုသည်မှာ မည်သည်နည်း။**

အများပြည်သူများအပေါ် ထုတ်ဖော်မှုမပြုသေးသော်လည်း ရင်းနှီးမြုပ်နှံသူများအနေဖြင့် ကုမ္ပဏီ၏ securities များ အရောင်းအဝယ်ပြုရန် ဆုံးဖြတ်ချက်ချရာတွင် အကျိုးသက်ရောက်စေသည့် အတွင်းပိုင်း အချက်အလက် (သို့မဟုတ် securities ဈေးနှုန်းအပေါ် အကျိုးသက်ရောက်စေသော) သို့မဟုတ် အခြားကြိုတင်ဝယ်ယူရန် စာချုပ်များ အလဲအလှယ်ပြုရာတွင် သို့မဟုတ် ကုမ္ပဏီ၏ securities များနှင့် ပတ်သက်သည်များ။

ဥပမာ

- ကျွန်ုပ်တို့၏ စာရင်းဝင် ကုမ္ပဏီများအတွက် ဝင်ငွေရလဒ် သို့မဟုတ် ဝင်ငွေခန့်မှန်းချက်များ။
- လုပ်ငန်းပေါင်းစပ်မှု ၊ လုပ်ငန်းရောင်းဝယ်မှု ၊ လုပ်ငန်းရပ်စိုင်းမှု သို့မဟုတ် အကျိုးတူပူးပေါင်းမှု လုပ်ငန်း။
- ဖွဲ့စည်းမှုပြုပြင်ခြင်း
- ကြီးမားသည့် အကြပ်အတည်း သို့မဟုတ် ဖြစ်ရပ်
- ကြီးမားသည့် အမှုအခင်း
- အစိုးရ သို့မဟုတ် အာဏာပိုင်များ၏ ဆုံးဖြတ်မှု
- ခေါင်းဆောင်ပိုင်း ပြောင်းလည်းမှု
- ရှယ်ယာအရင်းအနှီးများ တိုးမြှင့်မှု သို့မဟုတ် အကျိုးအမြတ်အတွက် ငွေပေးချေမှု။

## အတွင်းပိုင်းအချက်အလက်များ အသုံးပြု၍ အရောင်းအဝယ်ပြုခြင်းဆိုသည်မှာ အဘယ်နည်း။

Charoen Pokphand Group အတွင်းရှိ စတော့ရှယ်ယာဈေးကွက် စာရင်းဝင်ကုမ္ပဏီများ၏ သို့မဟုတ် အခြားစာရင်းဝင် ကုမ္ပဏီများ၏ အတွင်းပိုင်းအချက် အလက်များကို ပုံမှန်ဖြစ်စေ ရံဖန်ရံခါဖြစ်စေ သိရှိခွင့်ရှိသည့် ဒါရိုက်တာများ ၊ အမှုထမ်း အရာထမ်းများနှင့် ဝန်ထမ်းများအနေဖြင့် ရောင်း-ဝယ်မှု သို့မဟုတ် အခြားစီးပွားဆိုင်ရာ လုပ်ဆောင်မှုများ လုပ်ဆောင်ခြင်းကို ဆိုလိုပါသည်။


ဥပမာ

**အမေး ။ ။ Charoen Pokphand Group ၏ စတော့ရှယ်ယာဈေးကွက် စာရင်းဝင်ကုမ္ပဏီများတွင်ရှိသော သင်၏ လုပ်ဖော်ကိုင်ဖက်ထံမှ ၎င်းတို့ ကုမ္ပဏီအနေဖြင့် အကျိုးတူပေါင်းစပ်ရန် စာချုပ်အသစ်များချုပ်ဆိုခြင်းမှ ဝင်ငွေများတိုးလာမည်ဖြစ်ကြောင်း ကြားသိရသောကြောင့် သင့်အနေဖြင့် ထိုကုမ္ပဏီ၏ စတော့ရှယ်ယာကို ဝယ်ယူရန် ဆုံးဖြတ်ဖို့ စဉ်းစားမိသည်။ ဤသည်မှာ အတွင်းပိုင်း အချက်အလက်ဖြင့် စတော့ရှယ်ယာ အရောင်းအဝယ်ပြုခြင်း ဥပဒေအား ချိုးဖောက်ရာ ရောက်ပါသလား။**

အဖြေ ။ ။ ဤအကြောင်းအရာတွင် ထိုသတင်းအချက်အလက်သည် အများပြည်သူထံသို့ ထုတ်ဖော်ပြခြင်းမပြု သေးသည့် အရေးပါသော အချက်အလက်ဖြစ်သောကြောင့် အတွင်းပိုင်း အချက်အလက်ဖြင့် စတော့ရှယ်ယာ အရောင်းအဝယ်ပြုခြင်း ဥပဒေအား ချိုးဖောက်ရာရောက်သဖြင့် သင့်အနေဖြင့် ထိုစတော့ရှယ်ယာအား မဝယ်သင့်ပါ။ သင့်အနေဖြင့် သင့်နိုင်ငံ၏ စတော့ရှယ်ယာဥပဒေအား လေ့လာသင့်ပြီး အထူးသဖြင့် (Blackout Periods) ဟုခေါ်တွင် သည့် စတော့ရှယ်ယာ အရောင်း အဝယ်မပြုရန်ကာလ နှင့်ပတ်သက်၍ လေ့လာသင့်ပါသည်။ သို့မဟုတ် သင့်ကုမ္ပဏီ၏ စည်းမျဉ်း ကြီးကြပ်ရေးဌာနသို့ ဆက်သွယ်၍လမ်းညွှန်ချက်များ တောင်းခံသင့်ပါသည်။

**Charoen Pokphand Group အနေဖြင့် ကျွန်ုပ်တို့လုပ်ငန်းဝင်ရောက် လုပ်ကိုင်နေသည့် နိုင်ငံတိုင်းတွင် ကျွန်ုပ်တို့ ကုမ္ပဏီအား ငွေကြေးခဝါချမှုအတွက် ခုတုံးမဖြစ်စေရန် ဘဏ်စာရင်း ၊ ရုံပုံငွေစာရင်း နှင့် ပိုင်ဆိုင်မှုများအား တရားဥပဒေနှင့် အညီ စီမံဆောင်ရွက်ခြင်းဖြင့် ရည်ရွယ်၍သော်လည်းကောင်း မရည်ရွယ်၍ သော်လည်းကောင်း ဥပဒေနှင့်ငြိစွန်းစေမည့် ကိစ္စဟူသမျှနှင့် ပတ်သက်မှုမရှိစေရန် အစဉ်ကြိုးပမ်းကာ ခံခံကာကွယ်လျက်ရှိပါသည်။**

Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီတိုင်း၏ ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းများ နှင့် အခြားမည်သည့် ဆက်နွယ်သည့် စာရွက်စာတမ်းမဆို လုပ်ငန်းသဘာဝနှင့် လုပ်ဆောင်မှုအဆင့် အားလုံးကို ပြည့်စုံမှန်ကန်စွာ ဖော်ပြရပါမည်။ ကုမ္ပဏီများအနေဖြင့် မိမိရောက်ရှိနေသည့် နိုင်ငံရော နိုင်ငံတကာမှ ငွေကြေးခဝါချမှုနှင့် ပတ်သက်သည့် ဥပဒေ လုပ်ထုံးလုပ်နည်းအားလုံးကို လိုက်နာ ဆောင်ရွက်ရပါမည်။



## ၄ (ဂ) ငွေကြေးခဝါချမှု ဆန့်ကျင်ခြင်း

### ငွေကြေးခဝါချမှုဆိုသည်မှာ မည်သည်နည်း။

ငွေကြေးခဝါချမှု ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြစ်စေ လူအဖွဲ့အစည်းတစ်စုဖြစ်စေ ၎င်းတို့ပြုခဲ့သည့် ဥပဒေချိုးဖောက်မှုကို ဖုံးဖိခြင်း သို့မဟုတ် ဥပဒေချိုးဖောက်ပြီး တရားမဝင်စွာ ရရှိလာသည့် ငွေများကို ဥပဒေနှင့်အညီ ရရှိလာသည့် ပုံစံဖြစ်အောင်ပြုလုပ်ခြင်းတို့ကို ဆိုလိုပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုများသည် တစ်ကြိမ်မျှသာ ကျူးလွန်မိပါသော်လည်း Charoen Pokphand Group အပေါ် တိုက်ရိုက် သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်မှုရှိနိုင်ပါသည်။

# အကြံပြုချက်။

## ☑ ဆောင်ရန်

- လူအများစုလက်ခံ၍ ယုံကြည်စိတ်ချရပြီး အရင်းအမြစ်နောက်ကြောင်းစစ်ဆေးနိုင်သည့် ရင်းနှီးငွေကိုသာ အသုံးပြုသည့် customer များဖြင့်သာ တရားဥပဒေနှင့် ညီသော လုပ်ငန်းများ လုပ်ဆောင်ရန်။
- အခြားပြင်ပ အဖွဲ့အစည်းဖြင့် လုပ်ငန်းစတင်မလုပ်မီနှင့် မည်သည့်စာချုပ်မဆို မချုပ်ဆိုမီစဉ်တည်းက မှန်ကန်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ကုမ္ပဏီ၏ (Know-Your-Client: KYC) ခေါ် customer ၏ ဖစ်မြစ်အမှန်ကို သိရှိစေဖို့ လုပ်ထုံးလုပ်နည်းများကို အပြည့်အဝသိရှိနားလည်၍ လိုက်နာဆောင်ရွက်ရန်။
- ငွေကြေးခဝါချမှုဟူ၍ မသင်္ကာဖွယ်အပြုအမူများ ဥပမာ၊ customer သို့မဟုတ် ကုန်ပံ့ပိုးသူတို့က အခြားတတိယ ပုဂ္ဂိုလ်၏ ဘဏ်အကောင့်ထံ သို့မဟုတ် အခြားဘဏ် အကောင့်များထံသို့ ငွေခွဲ၍သွင်းစေခြင်း ၊ သို့မဟုတ် အခြေအမြစ်မရှိပဲ ပေါက်ဈေးထက် အဆပို၍ အထူးသဖြင့် ငွေသားဖြင့် ပေးချေလိုခြင်း ၊ သို့မဟုတ် မလိုအပ်ပဲ ကြားခံမှတစ်ဆင့် ငွေလွှဲစေခြင်း စသည့် မသင်္ကာဖွယ် အပြုအမူများတွေ့ရှိလျှင် ကုမ္ပဏီ၏ ဥပဒေရေးရာဌာန သို့ အသိပေးအကြောင်းကြားရန်။
- client သို့မဟုတ် counterparty (စာချုပ်ချုပ်ဆိုဖက်) တို့သည် "နိုင်ငံရေးနှင့်အကျိုးအမြတ်ဆက်နွယ်သော ပုဂ္ဂိုလ်" (Politically Exposed Persons သို့မဟုတ် PEPs) သို့မဟုတ် ထိုသို့အလားတူ အကျုံးဝင်သည့် နောက်ကြောင်းရှိသည်ဟု တွေ့ရှိပါက သင့်ကုမ္ပဏီ၏ ဥပဒေရေးရာဌာနသို့ အသိပေးအကြောင်းကြားရန်။
- အထက်ပါ အချက်အလက်များထဲမှ တစ်စုံတရာ သို့မဟုတ် ပေါင်းစပ်သည့် မသင်္ကာဖွယ်အခြေအနေများ တွေ့ရှိပါက သင့်ကုမ္ပဏီ၏ ဥပဒေရေးရာဌာနထံသို့ တိုက်ရိုက်ချက်ခြင်း အကြောင်းကြားရန်။



## ☒ ရှောင်ရန်

- ငွေကြေးအလွှဲအပြောင်းရှိသည့် သဘောတူစာချုပ်တွင် ပါရှိသည့် မည်သည့်အဆင့်တွင်မဆို ငွေကြေးလာရာ ဇစ်မြစ်လမ်းကြောင်းကို မေးမြန်းစုံစမ်းစစ်ဆေးရန် ကြောက်ရွံ့ခြင်း။
- ဝယ်ယူသူ သို့မဟုတ် ကုန်ပံ့ပိုးသူ အသစ်များဖြင့် လုပ်ငန်း မစတင်မီ ဥပဒေအရ စစ်ဆေးစုံစမ်းမှုများဟာ သင်၏ ပါဝင်မှု မရှိစဉ်တည်းက လုပ်ဆောင်ပြီးမြောက်သွား လောက်ပြီ ဖြစ်မည်ဟု ယူဆခြင်း။
- သင့်အား အထူးတလှယ် အာဏာတာဝန်ပေးခြင်းမရှိပဲ ဝယ်ယူသူ သို့မဟုတ် ကုန်ပံ့ပိုးသူတို့အား ကုမ္ပဏီမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု အသိပေးပြောကြားခြင်း။

### အဓိကထုတ်နုတ်ချက်။

ငွေကြေးခဝါချမှုသည် အလွန်ကြီးမားသည့် ဘဏ္ဍာရေး ပစ်မှုတစ်ရပ်ဖြစ်ပါသည်။ Charoen Pokphand Group အားထိုက်စွစ်များမှ ကာကွယ်နိုင်ရန်မှာ ဒါရိုက်တာများနှင့် အမှုထမ်းအရာထမ်းများ၏ အထူးသတိရှိကြမှုနှင့် တက်ကြွစွာ လုပ်ဆောင်ကြမှုအပေါ် အားထားရမည်ဖြစ်ပါသည်။

### ဖြည့်စွက်ချက်။

သာမန်ဝယ်ယူသူပုဂ္ဂိုလ် သို့မဟုတ် ကော်ပိုရိတ်ဖောက်သည် အနေဖြင့် သတ်မှတ်စံနှုန်းအလျောက် "ယုံကြည်စိတ်ချ၍ လက်ခံနိုင်သည့်" အရည်အချင်း ရှိ ၊ မရှိ အား သင့်အနေဖြင့် မည်သို့ သိရှိနိုင်မည်နည်း။

ငွေကြေးခဝါချမှုသည် အလွန်ရှုပ်ထွေးပြီး ဆန်းပြားသည့် လုပ်ဆောင်မှုများနှင့် ဆက်နွယ်လေ့ရှိပါသည်။ သင့်အနေဖြင့် ဝယ်ယူသူ သာမန်ပုဂ္ဂိုလ် သို့မဟုတ် ကော်ပိုရိတ်များနှင့် ပတ်သက်၍ မသင်္ကာမှု အထူးတလည်ရှိပါက သင့်ကုမ္ပဏီ၏ ဥပဒေရေးရာဌာနသို့ ချက်ခြင်းအကြောင်းကြားသင့်ပြီး နောက်ကြောင်းလိုက်ရန်အတွက် အပြည့်အစုံသိရှိလိုပါက Charoen Pokphand Group ၏ 'ငွေကြေးခဝါချမှု ဆန့်ကျင်ရေး မူဝါဒနှင့်လမ်းညွှန်ချက်များ' (Anti-money Laundering Policy and Guidelines) တွင် လေ့လာ ကိုးကား နိုင်ပါသည်။


## ပြစ်ဒဏ်များ

ဒါရိုက်တာများ ၊ စီမံအုပ်ချုပ်သူများနှင့် ဝန်ထမ်းများအားလုံးအနေဖြင့် ဤ ‘လုပ်ငန်းကျင့်ဝတ်’ အား လက်ခံသိရှိနားလည်သဘောပေါက်ပြီး တင်းကျပ်စွာ လိုက်နာကျင့်သုံးကြရပါမည်။ မှားယွင်းစွာ လုပ်ဆောင်မှု ၊ ခြိုးဖောက်မှု ၊ သို့မဟုတ် ဤကျင့်ဝတ်နီတိကို ဆန့်ကျင်သော မည်သည့်လုပ်ရပ်မဆိုသည် Charoen Pokphand Group အတွင်းရှိ ကုမ္ပဏီများမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ ထုတ်ပြန်ချက် သို့မဟုတ် သတ်မှတ်ချက်များအလျောက် ပစ်ဒဏ်ချမှတ်နိုင်ပါသည်။

## ကျွန်ုပ်တို့၏ ဂုဏ်သတင်းကို အတူတကွ ထိန်းသိမ်းစောင့်ရှောက်ခြင်း

ကျွန်ုပ်တို့၏ အမည်ပုံရိပ် (brand) နှင့် ဂုဏ်သတင်းကို ကာကွယ်စောင့်ရှောက်ရန်မှာ Charoen Pokphand Group ၏ ဒါရိုက်တာများ ၊ စီမံအုပ်ချုပ်သူများနှင့် ဝန်ထမ်းများအားလုံးတို့၏ စုပေါင်းတာဝန်တစ်ရပ်ဖြစ်ပါသည်။ သင့်အနေဖြင့် C.P Group ၏ မည်သည့်ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသည်ဖြစ်စေကာမူ ကျွန်ုပ်တို့အားလုံးဟာ ပြင်ပတွင် ဂုဏ်သတင်းတစ်ခုတည်းကို မျှဝေခံစားနေကြခြင်းပင် ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့အားလုံးဟာ “C.P” ဖြစ်ပါသည်။

Charoen Pokphand Group ကြီးဟာ ကျွန်ုပ်တို့အားလုံး၏ အင်အားများစုပေါင်းပြီး ဝိုင်းဝန်း တွေးတောကြံဆမှု ၊ ဆုံးဖြတ်မှုနှင့် လက်တွေ့အကောင်အထည်ဖော်မှု ၊ ဝိုင်းဝန်း ဆောက်တည်မှုကြောင့် အများလက်ခံသည့် ဂုဏ်သတင်းနိုင်မာမှုကို ရရှိလာခဲ့သည်ဖြစ်ပေမဲ့ ဤဂုဏ်သတင်းကို ရေရှည်ကောင်းမွန်စေရန် ဆက်လက်ထိန်းသိမ်းနိုင်ဖို့ ဆိုသည်မှာ ကျွန်ုပ်တို့အားလုံးအနေဖြင့် ပြင်ပမှ အကျိုးဆက်နွယ်သူများ အားလုံးနှင့် ထိတွေ့ဆက်ဆံမှုအပေါ်၌ မူတည်နေပါသည်။



# Charoen Pokphand Group ၏ မူဝါဒများနှင့် လမ်းညွှန်ချက်များ။

**၁။ ကိုယ်ကျင့်သိက္ခာ (Integrity)**

က။ အကျိုးစီးပွားပဋိပက္ခများဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များ
(Conflicts of Interest Policy and Guidelines)

ခ။ လာဘ်ပေး လာဘ်ယူမှုနှင့် အဂတိလိုက်စားမှု တားမြစ်ရေး မူဝါဒနှင့် လမ်းညွှန်ချက်များ
(Anti-Bribery and Anti-Corruption Policy and Guidelines)

ဂ။ လက်ဆောင်ပဏ္ဏာနှင့် အကျိုးအမြတ်ဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များ
(Gifts and Benefits Policy and Guidelines)

**၂။ အရည်အသွေး (Quality)**

က။ ရေရှည်တည်တံ့ရေးဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များ
(Sustainability Policy and Guidelines)

ခ။ ကုန်ပံ့ပိုးသူများ ကျင့်ဝတ်နီတိ
(Supplier Code of Conduct)

ဂ။ ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက် စီမံခန့်ခွဲမှု မူဝါဒနှင့် လမ်းညွှန်ချက်များ
(Supply Chain Management Policy and Guidelines)

**၃။ လူပုဂ္ဂိုလ်များ (People)**

က။ လူ့အခွင့်အရေးနှင့် လုပ်သားဆိုင်ရာ ကျင့်ဝတ် မူဝါဒနှင့်လမ်းညွှန်ချက်များ
(Human Rights and Labor Practices Policy and Guidelines)

ခ။ သဲလွန်စတိုင်ကြားခြင်း မူဝါဒနှင့်လမ်းညွှန်ချက်များ
(Whistleblowing Policy and Guidelines)


ဂ။ ကိုယ်ရေးကိုယ်တာ အချက်အလက်နှင့် လျှို့ဝှက်ချက်များဆိုင်ရာ မူဝါဒနှင့်လမ်းညွှန်ချက်များ
(Personal Data and Privacy Policy and Guidelines)

ဃ။ လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး မူဝါဒနှင့်လမ်းညွှန်ချက်များ
(Safety, Occupational Health and Workplace Policy and Guidelines)

**၄။ ပိုင်ဆိုင်မှုများ (Assets)**

က။ သတင်းအချက်အလက်များ စီမံခန့်ခွဲမှု မူဝါဒနှင့်လမ်းညွှန်ချက်များ
(Information Management Policy and Guidelines)

ခ။ ငွေကြေးခဝါချမှု ဆန့်ကျင်ရေး မူဝါဒနှင့်လမ်းညွှန်ချက်များ
(Anti-Money Laundering Policy and Guidelines)



# ကျွန်ုပ်တို့အား ဆက်သွယ်ရန် အချက်အလက်များ။

CHAROEN POKPHAND GROUP
ရေရှည်တည်တံ့ရေး ၊ ကောင်းမွန်သည့် အုပ်ချုပ်မှုနှင့်
ကော်ပိုရိတ်ပြန်ကြားဆက်သွယ်ရေးရုံး
ကောင်းမွန်သည့်အုပ်ချုပ်ရေးဌာန

Tel : +95 1 651325
+95 1 651364
+95 1 652081

goodgovernance@myanmarcp.com
www.myanmarcp.com/governance

# လက်ခံသိရှိကြောင်းနှင့် လိုက်နာရန် ဝန်ခံချက်။

နေ့ /လ/ခုနှစ် ........................................

ကျွန်ုပ် ( ဦး ၊ ဒေါ် ၊ မ ၊ မောင် )။ ........................................

ဝန်ထမ်းအမှတ်။ ........................................ ရာထူး။ ........................................

ဌာနခွဲ။ ........................................ ဌာန။ ........................................

ရုံး။ ........................................ ကုမ္ပဏီ။ ........................................

ကျွန်ုပ်သည် ဤ 'လုပ်ငန်းကျင့်ဝတ်နီတိ' အား ဖတ်ယူသိရှိနားလည်ပြီးဖြစ်၍ လက်ခံလိုက်နာကျင့်သုံးရန် သဘောတူပါသည်။ အကယ်၍ ကျွန်ုပ်သည် ဤ 'လုပ်ငန်းကျင့်ဝတ်နီတိ' ၌ပါရှိသော အချက်အလက်တစ်ခု သော်လည်းကောင်း တစ်ခုသည့်ပိုသည့်သော်လည်းကောင်း မည်သည့်အချက်ကိုမဆို လိုက်နာကျင့်သုံးရန် ပျက်ကွက်ခဲ့လျှင် သို့မဟုတ် ဖြိုးဖောက်ခဲ့လျှင် အကျွန်ုပ်အား ကုမ္ပဏီမှ ချမှတ်ထားသည့် စည်းကမ်းချက်များ အတိုင်း ထိုက်လျောက်သင့်လျော်သော ပစ်ဒဏ်ချမှတ် ခံရမည်ဖြစ်သည်ကို သိရှိနားလည်လက်ခံသည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

ထိုးမြဲလက်မှတ်။ ........................................

ရာထူး။ ........................................

ကြီးကြပ်သူ။ ........................................



Charoen Pokphand Group

CPGCG-CoC-EN-20180830-Z